+

# Myanmar Magia Times

Issue (5), April 2015, Thingyan Special Edition




## Enchanted Life to Immortal

အပိုင်း(၅)

## "၇ ရက်သားသမီးများအတွက်ဆရာကိုဝေဌေး၏ဗေဒင်ဟောစာတမ်း (ဧပြီလ) နှင့် နှစ်ဆန်းတစ်ရက်နေ့အတွက်ယတြာများ"

**တနင်္ဂနွေသားသမီးများအတွက်** - အလုပ်အကိုင်စီးပွားရေးများ အဆင်ပြေချောမွေ့နိုင်လိမ့်မည်။ ဝင်ငွေလည်း အထူးကောင်းမွန်နေပေလိမ့်မည်။ ငွေအလုံးအရင်းနှင့် ဝင်တတ်သည်။ ထီလည်းပေါက်တတ်သည်။ ဆက်သွယ်ရေးနှင့်ပတ်သတ်သော လုပ်ငန်းလုပ်ကိုင်နေသူများ ပိုမိုတိုးတက် ကောင်းမွန်လိမ့်မည်။ ရာထူးတိုးခြင်း၊ တက်ခြင်းများ ဖြစ်ပေါ်လာမည်။ အိမ်ထောင်ရှိသူများအတွက်ကတော့ အိမ်ထောင်ရေးအဆင်ပြေ ကောင်းမွန်ပါလိမ့်မည်။ သာယာချမ်းမြေ့ပေလိမ့်မည်။ ချစ်သူရှိသူများအတွက် အချစ်ရေးကောင်းမွန်ပြီး ပျော်ရွှင်ချမ်းမြေ့ပေလိမ့်မည်။ ချစ်သူနဲ့ ပျော်ပွဲရွှင်ပွဲများကို သွားလာနေရလိမ့်မည်။ ချစ်သူမရှိသေးသူများအတွက် စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်မည်။ စိတ်တူကိုယ်တူချစ်သူကို တွေ့ရှိပါလိမ့်မည်။ ယခုလတွင် သင်၏ကံဇာတာသည် အလွန်ကောင်းနေပါသည်။ ကျန်းမာရေးအတွက်ကတော့ ဂရုစိုက်ပါ။ လေနဲ့ပတ်သတ်သောရောဂါ၊ လေထိုးလေအောင့်များ ဖြစ်တတ်သည်။ ခြေလက်ထုံကျင်ခြင်းများ အအေးပတ်ခြင်းများဖြစ်တတ်သည်။ တနင်္ဂနွေသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ရန် အထူးယတြာတစ်ခုကိုဖော်ပြလိုက်ပါသည်။ အိမ်ဘုရားတွင် သပြေ(၉)ခက်ဖြင့် အောင်အိုးထိုးပြီး ဝိဇ္ဇာဆရာသခင်ကို ပင့်ဖိတ်လှူဒါန်းပါ။ ဆရာသခင် ဝိဇ္ဇာအား မီးအိမ်တစ်လုံးလှူဒါန်းပြီး မိမိအား လမ်းပြကူညီဖို့ အကူအညီတောင်းခံလိုက်ပါ။

**တနင်္လာသားသီးများအတွက်** - အလုပ်အကိုင်စီးပွားရေးများ အပြောင်းအလဲတွေ့ကြုံရတတ်သည်။ လုပ်ငန်းနေရာတွေလည်း ပြောင်းလဲ လုပ်ကိုင်ရတတ်သည်။ ခရီးဝေးလည်း သွားရတတ်သည်။ ငွေကုန်ကြေးကျများနေတတ်သည်။ ငွေကြေးပြတ်လပ်နေတတ်သည်။ ငွေကြေးနဲ့ ပတ်သတ်ပြီး စကားပြောရခြင်း၊ အစွပ်စွဲခံရခြင်းများကြုံတွေ့ရတတ်သည်။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေးတွင် စိတ်ရှုပ်စရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့ရတတ်သည်။ ချစ်သူရှိသူများအတွက် ချစ်သူ၏ စိတ်ဆိုးစိတ်ကောက်ခြင်း၊ ကတောက်ကဆဖြစ်ခြင်းများ ကြုံတွေ့ရတတ်သည်။ ချစ်သူမရှိသေးသူများအတွက်ကတော့ မိမိစိတ်ကြိုက်ချစ်သူကိုတွေ့ရှိမှာမဟုတ်သေးပါဘူး။ မိမိအပေါ် လိမ်လည်လှည့်ဖျားယောင်းခြင်းများ ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးအတွက် သွေးနှင့်ပတ်သတ်သော ရောဂါတွေဖြစ်တတ်သည်။ အရေပြားရောဂါနှင့် သွားတစ်ချောင်း ဒုက္ခပေးတတ်သည်။ တနင်္လာသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေ အားလုံးပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် အိမ်ဘုရားတွင် ဆီထမင်း (၃)ပန်းကန်ကို အင်္ဂါနေ့ နံနက်ပိုင်းတွင် ကပ်လှူဆုတောင်းလိုက်ပါ။ အုန်းသီးမထည့်ရပါ။ တနင်္လာသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ရန် အထူးယတြာတစ်ခုကို ဖော်ပြပေးလိုက်ရပါတယ်။ မြေအောင်အိုးတစ်လုံးတွင် ရေအပြည့်ထည့်ပါ။ အိုးနှုတ်ခမ်းပေါ်တွင် ဖယောင်းတိုင် အနီရောင် (၁၀)တိုင်ကို ပတ်ပတ်လည်ထွန်းပါ။ ဖန်ခွက်တစ်ခုထဲတွင် သဲအနည်းငယ်ထည့်ပါ။ အမွှေးတိုင်(၁၀)တိုင် စိုက်ထူထွန်းညှိပြီး ဘုရားရှင်ကို ကပ်လှူပူဇော်ပါ။ မေတ္တာသုတ် (၁၀)ခေါက်ရွတ်ဆိုပြီး မေတ္တာပို့ပါ။ မိမိရဲ့ ကောင်းမှုကုသိုလ်ကို သစ္စာဆိုဆုတောင်းလိုက်ပါ။

**အင်္ဂါသားသမီးများအတွက်** - အလုပ်အကိုင်စီးပွားရေးများ ကြီးစွာသောအနှောင့်အယှက်တွေ ရှိပေလိမ့်မည်။ အပြိုင်အဆိုင် အတိုက်အခိုက်များ ကြုံတွေ့ရတတ်သည်။ လူယုံ ဒုက္ခပေးခြင်းလည်း ခံရတတ်သည်။ ငွေလိမ်ခံရခြင်း၊ ငွေကြေးနဲ့ပတ်သတ်ပြီး အာမခံမိလို့ စိုက်လျော်ရခြင်းတွေ ကြုံတွေ့ရတတ်သည်။ ဝင်ငွေလည်းကောင်းလိမ့်မည်မဟုတ်ပေ။ အိမ်ထောင်ရှိသူများအတွက်တော့ အိမ်ထောင်ရေး ကောင်းနေပေလိမ့်မည်။ ချစ်သူရှိသူများ အတွက် ချစ်သူနဲ့အဆင်ပြေချောမွေ့နေလိမ့်မည်။ ချစ်သူမရှိသေးသူများအတွက်တော့ ဘုကျဂွကျ ဘုကလန့်ပြောတတ်တဲ့ ချစ်သူကိုတွေ့ရှိလိမ့်မည်။ ကျန်းမာရေးနဲ့ ပတ်သတ်ပြီး ရင်ဘတ်၊ ဝမ်းဗိုက်တို့တွင် ရောဂါဖြစ်တတ်သည်။ အနည်းငယ်ဂရုစိုက်ပါလေ။ အန်ခြင်း၊ လေပျို့ခြင်းများဖြစ်တတ်သည်။ ဒီလအတွင်း မိဘတွေရဲ့ကံဇာတာ ညံ့နေပါလိမ့်မည်။ အမှုအခင်းကြုံတွေ့ရတတ်သည်။ ဂရုစိုက်ပါ။ အင်္ဂါသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေ အားလုံးပိုမိုကောင်ဒမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေ ရရှိအောင် တနင်္လာနေ့ နံနက်အာရုံတက်တွင် အိမ်ဘုရား၌ ကိတ်မုန့်(၉)ချပ်ကို မြတ်စွာဘုရားအား လှူဒါန်းပြီးဆုတောင်းလိုက်ပါ။ အင်္ဂါသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ဖို့အထူးယတြာတစ်ခု ပြောပြလိုက်ပါတယ်။ အောင်အိုးတစ်လုံးတွင် မြေဇာ(၉)ညွန့်ကိုထိုးပြီး မြေလျှောက်ဝိဇ္ဇာတစ်ပါးကို အာရုံပြုပြီး လှူဒါန်းလိုက်ပါ။ ဘုန်းကြီးတစ်ပါးအား လွယ်အိတ်တစ်လုံးလှူဒါန်းပါ။ ခွေးများကို အစာကျွေးဒါနပြုပြီး ဆုတောင်းလိုက်ပါ။ မိမိရဲ့ မွေးနေ့တိုင်း ခွေးများကို အစာကျွေးဒါနပြုပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက်** - အလုပ်အကိုင်စီးပွားရေးများ အဆင်ပြေချောမွေ့နေလိမ့်မည်။ လုပ်ငန်းများ ပြန်လည်တိုးတက်လာလိမ့်မည်။ အခွင့်အလမ်းသစ်များ ရရှိလိမ့်မည်။ မမျှော်လင့်သော မိတ်ဆွေများထံမှ အကူအညီများရရှိလိမ့်မည်။ ဆုံးရှုံးပြီးလို့ တွေးထားသော လုပ်ငန်းများမှ အကျိုးအမြတ် ရရှိပါလိမ့်မည်။ ဝင်ငွေတွေလည်း တိုးတက်ကောင်းမွန်လာလိမ့်မည်။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေးလည်း သာယာဖြောင့်ဖြူးနေပေလိမ့်မည်။ သားသမီးရတနာများလည်း ဖြစ်ထွန်းရရှိလိမ့်မည်။ ချစ်သူရှိသူများအတွက် ချစ်သူရဲ့ လက်ဆောင်ပစ္စည်းများ ရရှိလိမ်မည်။ အချစ်စိတ်များ တိုးပွားရှင်သန်ပေလိမ့်မည်။ ချစ်သူမရှိသေးတဲ့သူများအတွက် မမျှော်လင့်တဲ့အချိန်မှာ မိမိရဲ့ချစ်သူကို တွေ့ရှိပေလိမ့်မည်။ ဒီလအတွင်းမှာ ကျန်းမာရေး ကောင်းမွန်ပါပေလိမ့်မည်။ မျက်စိနှင့်ပတ်သတ်သောရောဂါများတော့ ဖြစ်တတ်သည်. ဗုဒ္ဓဟူးသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် အိမ်ဘုရား၌ အဝါရောင်ပန်း(၅)ပွင့်ကို ကြာသပတေးနေ့တွင် ကပ်လှူပူဇော် ဆုတောင်းလိုက်ပါ။ ဗုဒ္ဓဟူးသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ဖို့ အထူးယတြာတစ်ခုကို ပြောပြလိုက်ပါတယ်။ အိမ်ဘုရားမှာ ဆည်းလည်း(၃)လုံးလှူဒါန်းပါ။ အသံသြဇာကောင်းသော ဆရာတော်တစ်ပါးရဲ့ ပရိတ်တရားခွေကိုနာကြားပါ။ အောင်အိုးထဲတွင် သာသနာ့အလံ (၉)လက်မတွင် "အောင်လံတိုး ဟိုးဟိုးကျော်" လို့ရေးပြီး လှူဒါန်းလိုက်ပါ။ ကလေးငယ်များကို သကြားလုံးလှူဒါန်းပြီး ဒါနပြုလိုက်ပါ။

**ကြာသပတေးသားသမီးများအတွက်** - အလုပ်အကိုင်စီးပွားရေးများ ကောင်းမွန်ပေလိမ့်မည်။ လုပ်ငန်းများအဆင်ပြေချောမွေ့ပေလိမ့်မည်။ ဝင်ငွေလည်း တိုးတက်ကောင်းမွန်ပေလိမ့်မည်။ လုပ်ငန်းများ အချိန်ကောင်းကောင်းနဲ့ လည်ပတ်ချိန်ပါပဲ။ နားရတယ်မရှိသလိုဖြစ်တတ်သည်။ ငွေအလုံးအရင်းနဲ့ ဝင်လိမ့်မည်။ ထီလည်းထပေါက်တတ်သည်။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေး သာယာချမ်းမြေ့နေလိမ့်မည်။ အနှောင့်အယှက်မရှိပါ။ ချစ်သူရှိသူများအတွက် ချစ်သူဆီက သာယာသောစကားသံ၊ ချိုမြိန်သောအပြုံးနဲ့ ယုယကြင်နာမှုတွေရရှိလိမ့်မည်။ ချစ်သူမရှိသေးသူများအတွက် ချောမောလှပသောချစ်သူ၊ အသန့်အလွန်ကြိုက်သောချစ်သူကိုတွေ့ရှိပေလိမ့်မည်။ ကျန်းမာရေးနဲ့ပတ်သတ်ပြီး အနည်းငယ် ဂရုစိုက်ပါ။ အစာမကြေခြင်း ၊ လေထိုးလေအောင့်ဖြစ်တတ်သည်။ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးခြင်းတွေဖြစ်တတ်သည်။ ကြာသပတေးသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် အခွံချွတ်ပြီးသောအုန်းသီးပေါ်တွင် "ဥုံ"ဟု ထုံးဖြင့် ရေးပါ။ ပြီးလျှင် အပေါ်က ဖယောင်းတိုင်တစ်တိုင်ထွန်းပါ။ တနင်္ဂနွေနေ့တွင် အိပ်ဘုရား၌လုပ်ပါ။ ကြာသပတေးသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ဖို့အထူးယတြာတစ်ခုကိုပြောပြလိုက်ပါ။ စေတီတစ်ဆူဆူတွင်ရှိသော မိမိ၏မွေးနံထောင့်တွင် ပိတောက်သားပုတီးဖြင့် ဂုဏ်တော်ကိုးပါး ပုတီး (၉)ပတ်စိပ်ပါ။ (တစ်ပါးချင်းစီကိုတစ်ပတ်စီကိုးပတ်ဖြစ်သည်။) ဆီမီး၊ ရေချမ်းကပ်လှူပါ။ ခေါင်းလောင်းထိုးအမျှဝေဆုတောင်းလိုက်ပါ။ အသက်အရွယ်ကြီးသော ဘိုးဘွားများကို ဆေးဝါးဒါနပြုပေးပါ။

**သောကြာသားသမီးများအတွက်** - အလုပ်အကိုင်၊ စီးပွားရေးများ တိုးတက်ကောင်းမွန်လာလိမ့်မည်။ လုပ်ငန်းများ တိုးတက်အောင်မြင်လာလိမ့်မည်။ စာချုပ်စာတမ်းများ ချုပ်ဆိုပြီး လုပ်ငန်းများ ဆက်လက်ကောင်းမွန်လာလိမ့်မည်။ အတိုက်အခံများကို အောင်မြင်ကျော်လွှားနိုင်တဲ့ အချိန်ကို ရောက်ရှိလာပြီ ဖြစ်တယ်။ ဝင်ငွေတွေလည်း တိုးတက်ကောင်းမွန်ပြီး စီးဝင်လာလိမ့်မည်။ လောင်းကစားဆန်တဲ့ စီးပွားရေးများကိုမလုပ်ဖို့ မရင်းနှီးဖို့တော့လိုသည်။ ဆုံးရှုံးတတ်သည်။ အမှုဖြစ်တတ်သည်။ အိမ်ထောင်ရှိသူများကတော့ အိမ်ထောင်ရေးတွင် စိတ်အနှောင့်အယှက်ကြုံတွေ့တတ်သည်။ အိမ်ထောင်ဘက်နဲ့ စကားများရန်ဖြစ် အိမ်ပေါ်ကဆင်းသွားခြင်းများကို ကြုံတွေ့ရတတ်သည်။ ချစ်သူမရှိသေးသူများအတွက်တော့ ဆရာကြီးလုပ်တတ်တဲ့ ချစ်သူမျိုးကို ကြုံတွေ့ရတတ်သည်။ ချစ်သူရှိသူများအတွက် အချစ်ရေးတွင် စိတ်ဆင်းရဲခြင်း၊ ချစ်သူရဲ့စိတ်ကောက်ဒေါသထွက်ခြင်း၊ အထင်လွဲခြင်း၊ လမ်းခွဲခြင်းများ ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးအတွက် သွေးနဲ့ပတ်သတ်သောရောဂါ၊ သွားနဲ့ပတ်သတ်သော ရောဂါတွေ ဖြစ်တတ်သည်။ ခြေထောက်အောက်ပိုင်းများ ထုံကျဉ်လေးလံနေတတ်သည်။ သောကြာသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် တနင်္ဂနွေနေ့ နံနက်တွင် အိမ်ဘုရား၌ အုန်းသီးနဲ့လုပ်ထားသော မုန့်(၆)ခုလှူပါ။ အုန်းနို့ခေါက်ဆွဲတစ်ပွဲလှူပါ။ သောကြာသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ဖို့အထူး ယတြာတစ်ခုကိုပြောပြလိုက်ပါတယ်။ မွေးနေ့နံနက်တွင် အိမ်ဘုရား၌ ကတ္တီပါအနီရောင်အခင်းတစ်ခု လှူဒါန်းပါ။ သာသနာ့အခံ(၉)ခုတွင် "အောင်လံထိုး ဟိုးဟိုးကျော်" လို့ရေးပြီး ရွှေရောင်အိုးတစ်လုံးနဲ့ထည့်ပြီး အိမ်ဘုရားမှာ လှူဒါန်းထားပါ။ ကလေးများ ကို မုန့်ဝယ်ကျွေးပြီး ဒါနပြုလိုက်ပါ။ ဘုရားရှင်အား အဝါရောင်ပန်း(၉)ပွင့်လှူဒါန်းပါ။

**စနေသားသမီးများအတွက်** - အလုပ်အကိုင်များ တိုးတက်ပေလိမ့်မည်။ စီးပွားရေးများလည်း မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်ပေလိမ့်မည်။ လုပ်ငန်းကိစ္စနဲ့ပတ်သတ်ပြီး ခရီးများလည်း သွားရတတ်သည်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများတိုးတက်ဖြစ်ထွန်း အောင်မြင်မှုတွေ ရရှိပေလိမ့်မည်။။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေးညှံ့နေတတ်သည်။ အနှောင့်အယှက်စိတ်ညစ်စရာ တွေ့ကြုံနေရတတ်သည်။

ချစ်သူရှိသူများအတွက် အချစ်ရေးတွင် ကြားလူနှောင့်ယှက်ခြင်းများ ကြုံတွေ့နေရတတ်သည်။ ချစ်သူမရှိသူများအတွက် ခရီးသွားရင်း ချစ်သူနဲ့ ဆုံဆည်းခွင့်ရလိမ့်မည်။ ကျန်းမာရေးအတွက်နဲ့ပတ်သတ်ပြီး စိုးရိမ်စရာမရှိပါ။ မျက်စိအားနည်းတတ်သည်။ သူတော်ကောင်း ပုဂ္ဂိုလ်တွေရဲ့ စောင့်ရှောက်ခြင်းကို ခံစားရပါလိမ့်မည်။ စနေသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက် ပွင့်လန်းမှုတွေ ရရှိအောင် ကြာသပတေးနေ့ ညနေ(၅)နာရီတွင် ဖန်ခွက်ဖြင့် အုန်းရေ(၅)ခွက်ကိုထည့်၍ အိမ်ဘုရား၌ကပ်လှူပူဇော်ပါ။ စနေသားသမီးများအတွက် နှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်ဖို့ အထူးယတြာတစ်ခုကိုလည်း ပြောပြလိုက်ပါတယ်။ ဖယောင်းတိုင်(၁၀)တိုင်ကို အပ်ချည်ကြိုးနဲ့ချည်ပြီး ကြေွပန်းကန်ပြားထဲ ကိုထည့် ဘုရားမီးပူဇော်ပါ။ ဓမ္မစကြာသုတ်ကို ဖွင့်ပြီးနာပါ။ နေမင်းဆီကို အာရုံပြုပြီး မေတ္တာပို့ဆုတောင်းပါ။ စေတီတစ်ဆူဆူမှာ သက်စေ့ လှည့်ပတ်ပြီး မေတ္တာပို့ပါ။




"မော်ဝင်အချစ်ညအလင်းချည်တိုင်"

ချစ်သူများအတွက် တစ်သက်လုံးမခွဲမခွာဘဲအတူနေရအောင်လို့ Fairy လေးတွေကိုပင့်ဖိတ်ပြီး Fairy လေးတွေ ရှေ့မှာ လက်ထပ်သလိုလုပ်ကြရအောင်လား ...။ ဒီအစီအရင်လုပ်ဖို့အတွက် လပြည့်ညသန်းခေါင်ယံမှာ ချစ်သူနှစ်ဦးပန်းခြံထဲကို ဆင်းရမှာပါ။ ပန်းခြံထဲဆင်းတဲ့အခါမှာ လတ်ဆတ်တဲ့ နွားနို့လေးတွေကိုပါ တစ်ခါထဲ ထည့်သွားပါ။ ပန်းခြံထဲမှာ ပိုးစုန်းကြူးလေးတွေလည်း ရှိနေပါစေ။

ပိုးစုန်းကြူးလေးတွေနဲ့ အလုပ်လုပ်ရမှာဆိုတော့ ပိုးစုန်းကြူးလေးတွေရှိတဲ့ ပန်းခြံဆိုရင် ပိုလို့တောင် ကောင်းပါသေးတယ်။ ဒါကြောင့်မို့ ဒီအစီအရင်လုပ်တော့မယ်ဆိုရင်ဖြင့် ပိုးစုန်းကြူးလေးတွေရှိပြီး သစ်ပင်ပန်းမန်ပေါ်များလှတဲ့ နေရာလေးတစ်ခုကို ရွေးချယ်ထားသင့်ပါတယ်။

အရင်ဆုံးပန်းခြံထဲကိုရောက်သွားပြီဆိုရင်တော့ လရောင်ကောင်းစွာကျရောက်မယ့်နေရာလေးတစ်ခုမှာ နွားနို့ခွက်လေးကိုချထားပြီး နွားနို့ခွက်လေးရှေ့မှာ တူနှစ်ကိုယ်ငြိမ့်ငြောင်းလှတဲ့ သီချင်းလေးတွေကိုဆိုကာ အနက်ရောင် အပ်ချည်မျှင်လေး တစ်ပင်ကို အတူတူကိုင်ထားပါ။ သီချင်းဆိုပြီးနောက်မှာတော့ ခုနအတူတူကိုင်ထားတဲ့ အနက်ရောင်အပ်ချည်မျှင်လေးကို နွားနို့

ခွက်ရဲ့အောက်ကနေ ပတ်ပတ်လည်လေးထားလိုက်ကာ အနီးဆုံးမှောင်ရာကိုသွားပြီး အနမ်းချင်းဖလှယ်နေလိုက်ကြပါ။ အနမ်းဖလှယ်နေတုန်းမှာ ပိုးစုန်းကြူးလေးတွေက နွားနို့ခွက်နားလေးကိုရောက်လာပါလိမ့်မယ်။ (၃)ကောင်တိတိနွားနို့ခွက်နားလေးကိုရောက်လာပြီးသွားပြီဆိုရင်တော့ အနမ်းချင်းဖလှယ်တာကိုရပ်တန့်ကာ နွားနို့ကိုသွားရောက်သောက်သုံးလိုက်ကာ အပ်ချည်ကြိုးလေးကိုလည်း ယူဆောင် နှစ်ပိုင်းဖြတ်ကာ တစ်ယောက်တစ်ပိုင်းဆီ ဆောင်ယူထားကြပါ။ Fairy လေးများက သင်တို့၏ ချစ်ခြင်းကို စောင့်ရှောက်ကြပါလိမ့်မည်။

---

"ကျန်းမာရေးကောင်းမွန်စေသောအဆောင်"




ယခုပုံလေးကတော့ နှစ်သစ်ကူးသင်္ကြန်အတွင်းမှာ ပရင့်ထုတ်ပြီးပဲဖြစ်ဖြစ်၊ ဆွဲပြားလုပ်ပြီးပဲဖြစ်ဖြစ်၊ ကြေးပြားမှာ ရေးထွင်းပြီးတော့ပဲဖြစ်ဖြစ် ဆောင်သွားနိုင်မယ့် အဆောင်ကောင်းလေးတစ်ခုပင်ဖြစ်ပါတယ်။ ဒီအဆောင်လေးဟာ ကျန်းမာရေး၊ ငွေကြေးကံနှင့် ကံအတော်များများအတွက် ဆောင်လို့ကောင်းပါတယ်။ ဒါကြောင့် ဒီနှစ်သင်္ကြန်လျှောက်လည်မယ်ဆိုရင် နှစ်သစ်မှာ ကံကောင်းခြင်းအသစ်တွေရရှိအောင် ဒီအဆောင်လေးကို ဆောင်သွားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

---

"ဖယောင်းတိုင်နဲ့ငွေဝင်အစီအရင်"

လာဘ်ရွှင်စေမယ့်မှော်နည်းလမ်းတွေထဲကမှ အခုဖော်ပြမယ့်နည်းလမ်းကတော့ ဖယောင်းတိုင်ကိုအသုံးချပြီး ငွေဝင်အောင်လုပ်နိုင်တဲ့ အစီအရင်ပဲဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ရှင်းလင်းတဲ့ စားပွဲတစ်ခုပေါ်မှာ အနက်ရောင်ဖယောင်းတိုင်နှစ်ချောင်းကိုတင်ပါ။ ဖယောင်းတိုင်များရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ သင့်နာမည်နှင့်အတူ ကြွယ်ဝခြင်း၊ ချမ်းသာခြင်း၊ ငွေကြေး ဆိုတဲ့စာလုံးလေးများကို ထွင်းဖောက်ထားလိုက်ပါ။ ပြီးနောက် ဖယောင်းတိုင်နှစ်ချောင်းလုံးကို မီးထွန်းညှိလိုက်ပြီးနောက် သင့်ရဲ့လက်ချောင်းလေးများကို ဖယောင်းတိုင်များအပေါ်မှာမိုးထားပြီး ဖယောင်းတိုင်ရဲ့ ဘေးဘက်ကနေပြန်သပ်ချပေးပါ။ အဲ့ဒီလိုသပ်ချပေးနေချိန်မှာလည်း ကိုယ့်ပေါ်ကို ရွှေမိုး ငွေမိုးတွေ ရွာသွန်းနေတယ်လို့ အာရုံပြုထားရမှာဖြစ်ပြီးတော့ နှုတ်မှနေလည်း -

"ဖယောင်းတိုင်ရဲ့အနက်ရောင်ဟာ စကြဝဠာအတွင်းမှကံကောင်းခြင်း စွမ်းအင်များကို စုပ်ယူနေပြီး ဖယောင်းတိုင်မီးတောက်လေးမှလည်း မကောင်းသောကံဆိုးကံညစ်တို့ကို အလင်းပြနေခဲ့ပြီ ...
လာဘ်ဝင်တော့မည် ... လာဘ်ဝင်တော့မည် .... လာဘ်ဝင်တော့မည်.."

လို့ တဖွဖွရွတ်ဆိုပေးရမှာပဲဖြစ်ပါတယ်။ ဒီလိုရွတ်ဆိုပေးနေတဲ့အချိန်အတွင်းမှာလဲ ကိုယ့်စိတ်ထဲမှာ ပျော်ရွှင်မှုကလွဲပြီး ဘာမှတွေးမထားရပါဘူး။ ဘဝမှာအပျော်ရွှင်ဆုံးဖြစ်ခဲ့ရဖူးတဲ့ အချိန်ကိုပဲ တွေးထားရမှာပဲဖြစ်ပါတယ်။ အပျော်ရွှင်ဆုံးခံစားချက်ကို ခံစားလိုက်ရပြီး ကိုယ့်ကိုယ်ကို ကံကောင်းသူတစ်ယောက်လို့ခံစားလိုက်ရရင်တော့ ဖယောင်းတိုင်ကိုမှုတ်လိုက်ကာ ဖယောင်းတိုင်နှစ်တိုင်လုံးကို ကိုယ့်ရဲ့ ပိုက်ဆံအိတ်ထဲမှာထည့်ထားလိုက်ပါ။

မကြာမီရက်ပိုင်းအတွင်းမှာပဲ သင့်ထံသို့ ငွေများအလုံးအရင်းနှင့်ဝင်လာနိုင်ပါကြောင်း ဖော်ပြပေးလိုက်ရပါတယ်။

---

"တိတ်တခိုးချစ်ရသူများအတွက်နည်းလမ်း"

ကိုယ့်မှာတိတ်တခိုးချစ်ရတဲ့သူရှိရင် သူကိုယ့်ကိုတွေ့တာနဲ့ အချစ်စိတ်ပေါ်လာသလို ရင်တွေခုန်လာအောင်လုပ်ပေးနိုင်မယ့်နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ ဒီနည်းလမ်းကိုပြုလုပ်ဖို့အတွက်

- ပျားရည်စားပွဲတင်ဇွန်း(၂)ဇွန်း

- စမုန်ဖြူအနည်းငယ်

တို့လိုအပ်ပါမယ်။ ဒီနည်းလမ်းကိုလုပ်တော့မယ်ဆိုရင်တော့ သောကြာနေ့ညနေခင်းအချိန်မှာ ရေဇလုံတစ်ခုထဲမှာ ရေစိမ်ချိုးရမှာဖြစ်ပြီး ရေထဲကို အထက်ပါအမယ်များပေါင်းထည့်ပေးပါ။ အဲ့ဒီလိုရေချိုးနေစဉ်မှာလည်း သင့်ရဲ့စိတ်များကို တည်ငြိမ်စွာထားကာ သင့်ချစ်သူရဲ့ရုပ်သွင်ကိုပဲ စိတ်ထဲမှာမြင်ယောင်ထားရမှာပါ။ သူ့မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း စတာတွေကစ ပြတ်သားစွာအသေးစိတ်ပေါ်လာပြီဆိုရင်တော့ သင့်မျက်လုံးအစုံကိုမှိတ်ထားလိုက်ကာ အောက်ပါစာသားလေးကိုရွတ်ဆိုပေးလိုက်ပါ။

"ကျွန်တော့်ချစ်သူရဲ့စိတ်ဝိညာဉ်ကိုဆွဲဆောင်နိုင်ဖို့အတွက် သဘာဝရဲ့သန့်စင်တဲ့စွမ်းအင်တွေနဲ့အတူ အချစ်ရဲ့နတ်ဘုရားမကိုတိုင်တည်ပါတယ်။ ဆန္ဒအတိုင်း အဆုံးတိုင်ပြည့်ဝပါစေ .... တောင်းဆုများကိုအတည်ပြုပေးနိုင်ပါစေ။ "

အဲ့ဒီလိုရွတ်ဆိုပြီးနောက်မှာတော့ သန့်စင်စွာရေချိုးမှုကို (၁၅)မိနစ်မျှပြုလုပ်ရမှာဖြစ်ပြီး ပြုလုပ်နေချိန်မှာလည်း ကိုယ့်တိတ်တခိုးချစ်သူနဲ့ကိုယ် စိတ်ကူးယဉ်ဆန်လှတဲ့ကမ္ဘာလေးထဲမှာပျော်ရွှင်နေကြတယ်လို့ မြင်ယောင်ထားပေးရမှာပါ။ အစီအရင်လေးကတော့ ဒါပါပဲ။ မကြာမီ ချစ်ခြင်းရဲ့နတ်ဘုရားမက သင့်ဆန္ဒကို ကြားနာရပြီး သင်ကသူ့ကို တကယ့်အချစ်စစ်နဲ့ချစ်တယ်ဆိုရင်တော့ မကြာမီမှာပဲ အဆင်ပြေအောင် ဖြည့်ဆည်းပေးပါလိမ့်မယ်။

"အသားအရည်လှပစေဖို့မှော်နည်းလမ်း"

ဆမှော်နည်းလမ်းနဲ့လှအောင်လုပ်ချင်ပါတယ်ဆိုတဲ့သူများအတွက် ဒီတစ်ခေါက်မှာတော့ မှော်နည်းလမ်းနဲ့ လှပသွားအောင်လုပ်တဲ့နည်းတွေထဲကမှ သင့်အသားအရည်ကိုလှပကြည်စင်သွားစေမယ့်နည်းလေးကို ဖော်ပြပေးလိုက်ရပါတယ်နော်။

အချိန်ကတော့ လသာနေတဲ့အချိန်ဆိုရင်ပိုကောင်းပါတယ်။ ခက်လည်းမခက်ပါဘူး။ ပထမဆုံးအနေနဲ့ ပန်းသီးတစ်လုံးကို အလျားလိုက်အလယ်ကနေဓားနဲ့ပိုင်းလိုက်ပါ။ ပိုင်းပြီးနောက်မှာတော့ ပန်းသီးနှစ်ခြမ်းထဲမှာ ငါးထောင့်ကြယ်သင်္ကေတန်ပါနေတဲ့ ၊ အဲ့ဒီလိုပုံမပေါ်ဘူးဆိုရင်တောင်မှ အစက်အပြောက်ပုံစံလေးတွေ ငါးခုဝန်းရံနေတဲ့ပုံလေးရှိနေတဲ့အခြမ်းကို ကိုယ်ကြည်လင်လှပစေလိုတဲ့အသားအရည်နေရာကို ပွတ်သပ်ရင်း အောက်ပါမန္တန်စာသားကိုရွတ်ဆိုရမှာပါ။

*"Apple, sacred fruit of the Goddess, With this gift, I do caress*
*The pimple that brought me shame. I banish this zit in your name."*

ဒါဆိုနောက်ထပ်ပန်းသီးတစ်ခြမ်းကျန်ပါဦးမယ်။ အဲ့ဒီတစ်ခြမ်းကို ဘာမှမလုပ်ပါနဲ့ဦးနော် ..။ ဒီအတိုင်းသာထားပါ။ ပြီးရင် နောက်ထပ်ပန်းသီးတစ်လုံးကိုထပ်ယူမယ်။ အဲ့ဒီပန်းသီးကိုတော့ အထက်အောက်ဒေါင်လိုက် အလယ်ကနေလှီးချလိုက်ပြီး အဲ့ဒီထဲက မိမိနှစ်သက်ရာတစ်ခြမ်းကို မိမိကြည်လင်လှပလိုတဲ့ အသားအရည်နေရာကိုပွတ်တိုက်လိုက်ရင်း အောက်ပါမန္တန်ကိုရွတ်ဆိုလိုက်ပါ။

"*I love and accept myself as I am today. Clear skin I summon to come my way. By My Will so Mote It Be*
*Three times three times three."*

ရွတ်ဆိုပြီးမှာတော့ ပထမပန်းသီးတစ်ခြမ်းကို သင့်အိမ်ပြင်ပမှာရှိတဲ့ ပန်းပွင့်တဲ့ အပင်တစ်ပင်ရဲ့အောက်ကို မြှုပ်နှံလိုက်ပါ။ ဒုတိယပန်းသီးခြမ်းကိုတော့ စမ်းချောင်း ဒါမှမဟုတ် မြစ်တစ်ခုထဲမှာမျောချလိုက်ပါ။

အထူးသတိထားရမှာကတော့ မန္တန်ကိုရွတ်ဆိုနေတဲ့အချိန်မှာ ပျော့ပြောင်းနူးညံ့တဲ့ အသံအနေအထားနဲ့ပြောဆိုရမှာဖြစ်ပြီးတော့ ယုံယုံကြည်ကြည်လုပ်ဆောင်ပါက မကြာမီရက်သတ္တပတ်များ အတွင်း သင်အသားအရည်ချောမောလှပလာမှာဖြစ်ပါတယ်။

"ရေစင်တော်ဖြင့်အညစ်အကြေးဆေးကြောခြင်း"

သကြံန်ပွဲတော်ဆိုတော့ ရေစင်နဲ့ အညစ်အကြေးတွေဆေးကြောနိုင်မယ့် wicca နည်းလမ်းလေးတစ်ခုကို ဖော်ပြပေးလိုက်ရပါတယ်။ ဒီနည်းလမ်းကိုလုပ်ဖို့အတွက် ရေစီးသန်တဲ့ချောင်း ဒါမှမဟုတ် မြစ်တစ်စင်းမှ စီးဆင်းနေတဲ့ ရေထည့်ထားတဲ့ ရေဘူးတစ်ဘူးလိုအပ်ပါတယ်။ ထိုရေများကိုတော့ ငွေရောင်ရေဇလားအိုးထဲမှာထည့်လိုက်ပါ။ ပြီးနောက် သင့်အိမ်ပတ်ပတ်လည် အနီးလမ်းတစ်လျှောက်သို့အနည်းငယ်လမ်းလျှောက်ရင်း ပတ်ဝန်းကျင်သို့ရေပက်ဖြန်းပါ။ ထိုသို့ ပက်ဖြန်းနေရင်းနှင့် -

*Swift, white water running free,*
*Keep all harm away from me.*
*If harm tries to pass by thee,*
*Wash it down into the sea.*

ရေများပက်ဖြန်းနေစဉ်အတွင်းမှာ သင့်အိမ်၊ သင့်လမ်းအနီးအနားမှာရှိသော မကောင်းသောဓာတ်များအားလုံး ကုန်ခမ်းသွားပြီဟု အာရုံထဲမှာမြင်ယောင်နေပါ။ မြစ်ရေသည်လည်း မကောင်းသော အညစ်အကြေးဓာတ်များကို မောင်းထုတ်သုတ်သင်ခြင်းပြုလုပ်နေသည်ဟူ၍လည်းယုံကြည်ထားရပါမည်။

---

# သင်္ကြန်ပွဲတော် ဒဏ္ဍာရီများ



သင်္ကြန်ဆိုသော စကားလုံးသည် သင်္ကန္တ(ပါဠိ)နှင့် သင်္ကြန္တ(သက္ကတ)ဘာသာစကားများမှ ဆင်းသက်လာခြင်းဖြစ်ကာ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ မြန်မာတို့၏နောက်ဆုံးလဖြစ်သော တပေါင်းလနှင့် နောက်နှစ်ကူးလဖြစ်သော တန်ခူးလတို့၏ မြန်မာသက္ကရာဇ်ကူးပြောင်းခြင်းအထိန်းအမှတ်အဖြစ် နှစ်သစ်ကူးချိန်ပူပြင်းမှုကို အံတုနိုင်ရန် သင်္ကြန်ရေဖြင့် ဖြန်းပက် အေးမြစေလိုက်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့်ဆေးကြောကြသည်။

ကူးပြောင်းခြင်းနှင့်ပတ်သတ်၍ ရာဇဝင်(၂)မျိုးရှိသည်။ ဟိန္ဒူဂါဒမှ ဆင်းသက်သည်ကတစ်ခုနှင့် နေနှင့်ကမ္ဘာ လည်ပတ်မှုမှဆင်းသက်လာသည်က တစ်ခုဖြစ်သည်။

ဟိန္ဒူဂါဒတွင်တော့ သိကြားမင်းကြီးနှင့် ဗြဟ္မာမင်းကြီးတို့ အချင်းများကြရာ သိကြားမင်းနိုင်သဖြင့် ဗြဟ္မာမင်း၏ ဦးခေါင်းကို အရယူနိုင်ခဲ့ပေသည်။ ဗြဟ္မာမင်းမှာလည်း တန်ခိုးကြီးသောကြောင့် ထိုဦးခေါင်းကြီးကို ပင်လယ်ထဲပစ်ချပါက ရေခန်းမည်။ မြေကြီးမှာထားပါက မီးလောင်ပျက်စီးမည်။ လေထဲတွင်ပစ်ပါကလည်း သက်ရှိများမီးလောင်ပျက်သုဉ်းကုန်မည်ဖြစ်သောကြောင့် သိကြားမင်းအနေနှင့် မည်သည့်နေရာတွင်မှ ထား၍မရသောကြောင့် လက်ထဲတွင်ပင် ကိုင်ထားရလေသည်။ နောက်ပိုင်းတွင်တော့ တန်ခိုးကြီးနတ်မင်းကြီးများကို တစ်နှစ်လျှင် နတ်မင်းတစ်ပါးကျစီ ဦးခေါင်းကိုထိန်းသိမ်းရန်သာ အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုဗြဟ္မာမင်းဦးခေါင်းကြီးကို တစ်ဦးလက်မှ တစ်ဦးလွှဲမည့်အချိန်အတိအကျကို ပုဏ္ဏားတို့က တွက်ချက်ကြပြီး ထိုအကူးအပြောင်းကာလကို သင်္ကန္တအခါဟုခေါ်ဆိုကာ နှစ်တစ်နှစ်ပြည့်သည်ဟူ၍လည်း သတ်မှတ်ကြသည်။

ထိုကာလတွင် သိကြားမင်းသည် လူ့ပြည်တွင် ကောင်းမှုကုသိုလ်ထွန်းကားရန်နှင့် ဗုဒ္ဓသာသနာ ပြန့်ပွားစေရန်အတွက် လူ့ပြည်သို့ဆင်းကာ မှတ်တမ်းများကိုရေးမှတ်လေ့ရှိသည်။ ကောင်းသူများကို ရွှေပေလွှာတွင်ရေးမှတ်ကာ မကောင်းသူများကို ခွေးသားရေပုရပိုက်တွင် ရေးမှတ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာ အမြင်အရကြည့်မည်ဆိုပါက အဘိဓာန်သုတ်တွင်ဖော်ပြထားသော

သေခါနီးစိတ်၊ ခန္ဓာငါးပါးချုပ်ပုံ၊ အကုသိုလ်သဘောနှင့် ငရဲမင်းများအကြောင်းကိုကြည့်ခြင်းအားဖြင့် သိကြားမင်း၏ ရေးမှတ်ခြင်းသည် မည်သို့မှ အရေးမပါ၊ မထိရောက်နိုင်ပါ။ သတ္တဝါတိုင်းသည် ကိုယ့်ကံနှင့်ကိုယ်သာဖြစ်သည်။

ထို့အပြင် သိကြားမင်းသည် လူ့ပြည်လာဖို့ပင်ဝေးစွ နတ်တို့သိကြားတို့သည် လူအနားသို့လာပါက လူတို့၏ ဝမ်းထဲမှ အစာဟောင်းအနံ့ကို မခံနိုင်ကြ၍ ပြန်ပြေးခဲ့ကြသည်သာတည်း။ သင်္ကြန်သည် သိကြားမင်းဆင်းမဆင်းမှာတော့ မိမိဘာသာ အယူနှင့်သာ ရှုမြင်စေလိုကြပြီး ဗုဒ္ဓဘာသာအမြင်အရဆိုလျှင်တော့ မဖြစ်နိုင်ပါချေ။

ကနဦးကာလက သိကြားမင်းကိစ္စနှင့် ရေလောင်းခြင်းတို့မှာ လားလားမှမဆိုင်သေး။ နောက်ပိုင်းကာလများတွင်တော့ နှစ်ဟောင်းအညစ်အကြေးများကိုဆေးကြောလိုခြင်း၊ နွေရာသီတွင် အေးမြစေလိုခြင်း စသောရည်ရွယ်ချက်များနှင့်အတူ ရေပက်ခြင်းဓလေ့ပေါ်ပေါက်လာသည်။ ထို့နောက်မှ သာ သင်္ကြန်၊ သိကြားမင်းနှင့်ရေပက်ခြင်းတို့မှာ တစ်ဆက်စပ်တည်း ဖြစ်လာတော့သည်။ ထို့ကြောင့် သိကြားမင်းသည် အကျနေ့တွင် လူ့ပြည်ဆင်၊ အတက်နေ့တွင် နတ်ပြည်ပြန်တက်သည်ဆိုသော ယုံကြည်မှုများပေါ်ပေါက်လာရတော့သည်။

ကမ္ဘာကြီးက နေကိုလှည့်ပတ်ခြင်းကို မိဿရာသီမှ စတင်ကြည့်လျှင် ပြိဿ၊မေထုန်.... မိန်ရာသီသို့ရောက်သောအခါ သူရိယသိဒ္ဓန္တကျမ်းအရ (၃၆၅)ရက် ၊ ၆ နာရီ ၊၁၂မိနစ်၊ ၃၇စက္ကန့်ပြည့်ကာ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်စင်မှ မိဿရာသီအစ သုညအင်္သာသို့ ဝင်သည်ဟု သတ်မှတ်ကာ နှစ်ဟောင်းကုန်ဆုံးကာ နှစ်သစ်သို့ကူးပြောင်းရောက်ရှိသည်ဟု ဆိုသည်။ သင်္ကြန်ကျသည်ဟု သတ်မှတ်သည်။ သို့သော် နှစ်သစ်သို့ အမှန်တကယ်ကူးသည့် အချိန်မှာ နောက်ထပ် ၂ရက်၊ ၄နာရီ၊ ၄မိနစ်နှင့် ၄၀စက္ကန့်ကြာမှဖြစ်သည်။ ထိုသို့ နေသွားလမ်းကို ၁၂ ရာသီခွင်နှင့် ညှိနှိုင်းတွက်ချက်ကာ လပြက္ခဒိန်သုံး မြန်မာတို့အတွက် တန်ခူးလအတွင်းတွင် သင်္ကြန်ကျရောက်လေသည်။သဘာဝကျသည်တစ်ခုမှာ တန်ခူးဟူသည့် ဝေါဟာရမှာ တာကူးမှ ဆင်းသက်လာခြင်းဖြစ်ပြီး တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်စင်မှ မိဿရာသီသို့ ကူးပြောင်းသည်ကိုရည်ရွယ်၍ ရှေးမြန်မာပညာရှိတို့က သတ်မှတ်အမည်ပေးခဲ့ခြင်းဖြစ်သည်။ နောက်ယူဆပုံတစ်မျိုးမှာ တန်(ဝါ)တန်းမှာ ထန်းဖြစ်၍ ခူးမှာ ခူးဆွတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ထန်းသီးခူးသောလဟုလည်း အဓိပ္ပါယ်ရောက်သည်။

ဗုဒ္ဓကျမ်းဂန်များအရ ထိုကာလတွင် ဘုရားရှင်၏ မယ်တော်ဘက်မှ အမျိုးများရှိသည့် ဒေဝဒဟပြည်မှ မင်းသားမင်းသမီးများ ရေကစားသည့် ကာလဖြစ်သည်ဟုလည်းဆိုသည်။ (ဒေဝမှာ နတ်ဟူသော အဓိပ္ပါယ်သာမက၊ မင်းသားမင်းသမီးဟုလည်း အဓိပ္ပါယ်ရသည်။) ဘုရားရှင်လက်ထက်မတိုင်မီကပင် ထိုပူပြင်းသော မိန်ရာသီမှ မိဿရာသီသို့ အပြောင်းတွင် ရေကစားလေ့ရှိသည်ဟုလည်းဆိုသည်။ ယခုဇာတ်လမ်းများတွင် သိကြားမင်းမပါတော့ပေ။ ဗုဒ္ဓဝင်နှင့် ဗေဒင်ကို ညှိနှိုင်းပြီး ရေကစားကြခြင်းသာဖြစ်သည်။

နှစ်ဟောင်းမှနှစ်သစ်သို့ တစ်နှစ်ဟူသော ကာလအပိုင်းအခြား၊ မြန်မာလူမျိုးတို့၏ သင်္ကြန်နှင့်ဟိန္ဒူအယူဝါဒ၊ သင်္ကြန်အကျ၊ အတက် တွက်ချက်နည်း၊ သင်္ကြန်ကျပြီးဖြစ်သော်လည်း နှစ်သစ်သို့ ချက်ချင်းမကူးသေးသည်မှာ အဘယ်ကြောင့်နည်း၊ အတာပြည့်နှစ် ဟူသည်အဘယ်နည်း။

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သင်္ကန္တ(သက္ကတ)ရရစ်သံနှင့်သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ဖြစ်သည်။ မြန်မာလူမျိုးတို့၏ကျင်းပမြဲဖြစ်သော ဆဲ့နှစ်ရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် အလွန်ကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်သည်။ ဤသင်္ကြန်ရေသဘင်ပွဲတော်သည် မည်သည့်လူမျိုးတို့၏ ယဉ်ကျေးမှုများမှ ဆင်းသက်လာသနည်း။ အဘယ်ကြောင့်သင်္ကြန် ကျချိန်တက်ချိန်ဟုဖြစ်လာသနည်း စသောအချက်အလက်များကိုဖြေဆိုရန် သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဋ္ဌကျမ်းစသော ဗေဒင်တွက်ရိုးကျမ်းများကိုလေ့လာရန်လိုပေသည်။

နိုင်ငံ၏အဓိက ကိုးကွယ်သောဗုဒ္ဓအယူဝါဒနှင့်တကွ အခြားသော ယဉ်ကျေးမှုဓလေ့ထုံးစံ တို့သည်လည်း ဟိန္ဒူယဉ်ကျေးမှု ဓလေ့ထုံးစံတို့နှင့်ရောထွေးကာ မြန်မာနိုင်ငံ ဘက်သို့ရောက်ခဲ့ကြသည်။ ဤတွင်ဗေဒင်ပညာရှိပုဏ္ဏားတို့သည် မြန်မာဘုရင်များလက်အောက်တွင် ဝင်ရောက်အမှုထမ်း၍ သင်္ကြန်တွက်ရိုးကျမ်း၊ ဝေဒင်္ဂကျမ်း၊အသီတိခာတ်ကျမ်း စသည်တို့ဖြင့် မဟာသင်္ကြန်စာများထုတ်ကာ စီးပွားရှာခဲ့ကြ၏။ သင်္ကြန်၊ သင်္ကရာဇ်စသောအကြောင်းများနှင့်စပ်လျဉ်း၍လည်း သိကြားမင်းနှင့်ပြဟ္မာမင်းတို့ အချင်းဖြစ်ပွား၍ ကဝိလမိုင်း ဆရာထံ အဆုံးအဖြတ်ဝင်သည့်အခါ ပြဟ္မာမင်းရှုံးသဖြင့် သိကြားမင်း ကပြဟ္မာမင်းဦးခေါင်းကို ဖြတ်၍နတ်သမီး ခုနစ်ဖော်အား အလှည့်ကျကိုင်ဆောင်စေသည့်အကြောင်းများ ပါရှိသော သင်္ကြန်သမိုင်းများကိုကြံဖန်ပြုလုပ်ခဲ့သည့်အပြင်၊ သင်္ကရာဇ်ကိုတည်၍ ခုနစ်ခုနှင့်စား၊ ရှစ်ခု စား၊ ၁၂ခုစား သင်္ကြန်ဟောကိန်းများလည်း တီထွင်ခဲ့ကြသည်။

ဘုရားပိဋကတ်တော်၌သင်္ကြန်ကျခြင်း၊ တက်ခြင်း၊ အကြောင်းများမပါချေ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများ၌ ကျင်းပလေ့ရှိသော နက္ခတ်ပွဲသဘင်များအကြောင်းသာ ဖော်ပြထားလေသည်။ သို့သော်ကမ္ဘာပေါ်ရှိ လူမျိုးတို့သည် မိမိတို့ဓလေ့ထုံးတမ်းအစဉ်အလာများအရနှစ်ဆန်းရက်များ သတ်မှတ်ရပေမည်။ သိုးဆောင်းလူမျိုးများနှင့် ယင်းတို့၏ အယူဝါဒကိုကျင့်သုံးသော လူမျိုးအပေါင်းတို့သည် ဇန်နဝါရီလ တစ်ရက် နှစ်ဆန်းရက်ဖြစ်၍ ဒီဇင်ဘာလ ၃၁ရက် ညဥ့်သန်းခေါင်မတိုင်မီ အခါကနှစ်သစ်ကူးရက်ကြို ပျော်ရွှင်ပွဲများကျင်းပကြ၏။ အချို့လည်းဘုရားကျောင်းများတွင် နှစ်ကူးအချိန်အခါ၌ ဆုတောင်းမေတ္တာများပို့သကြ၏။ ဤသည်လည်း သိုးဆောင်းနှစ်ကူးသင်္ကြန်ဟုခေါ်ဆိုနိုင်သည်။ တရုတ်လူမျိုးများလည်း နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီလအတွင်း အကြီးအကျယ် ကျင်းပသကဲ့သို့ ဟိန္ဒူ၊ ဗင်္ဂါလီ လူမျိုးတို့လည်းမတ်လအတွင်း မိမိတို့လူမျိုး အချင်းချင်းဆေးနီရေများဖြင့် မေတ္တာရေစင်များ လောင်းစားကြ၍ နှစ်ကူးသင်္ကြန်ပွဲတော်များ ပျော်ရွှင်စွာကျင်းပကြ၏။ နှစ်ဆန်းတစ်ရက်နေ့မြန်မာလူမျိုးတို့၏ နှစ်ကူးသင်္ကြန်ပွဲသည်လည်း ဟိန္ဒူအယူဝါဒမှ ဆင်းသက်သောဓလေ့အတိုင်း ရှေးယခင်ကာလများ၌ မိဘဆရာသမားများနှင့် သက်ကြီး ဝါကြီးများကို သနပ်ခါးနံ့သာရေများ၊ သပြေခက် ကလေးများဖြင့် ကန်တော့ကြသည့် အလေ့အထရှိခဲ့ကြသည်။ သို့ရာတွင် ယခုခေတ်၌တစ်ဦးနှင့် တစ်ဦး ၊တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ အလွန်အကျူးအပြန်အလှန်ရေကစားမှုများ၊ အားကစားစိတ်ဓာတ် သဘောမျိုးဖြင့် အပြိုင်အဆိုင်စကားနိုင်သံချပ်များနှင့် ပျော်ရွှင်ပွဲသဖွယ်ဆင်နွှဲမှုများဖြစ်ခဲ့လေသည်။

ပုဂံခေတ်နရသီဟပတေ့မင်းလက်ထက် မိဘုရား စောလုံအား ရေပက်ကစားရာ အကျီစားလွန်သဖြင့် စောလုံ စိတ်ဆိုးကာ ဘုရင့်အပေါ်သေကြောင်းကြံသောကြောင့် နောက်ဆုံး စောလုံအသတ်ခံရ သည်ဟူသောဖြစ်ရပ်အရ သင်္ကြန်ရေ ကစားသည့်အလေ့သည် ပုဂံခေတ်ကပင်ရှိခဲ့ပြီဟုမှတ်ယူဖွယ် ရှိသည်။ အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်သည်။ စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် သူရိယနေမင်းကိုဗဟိုပြု၍ လှည့်လည်သွားသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်သည်။

ယင်းကာလအပိုင်းအခြားသည် ၃၆၅ ရက် ၆နာရီ ၁၂မိနစ် ၃၇စက္ကန့်ဖြစ်၏။ ဤသင်္ချာကိန်းသည် သူရိယသိဒ္ဓန္တကျမ်းတွင် ဖော်ပြချက် စတု ယုဂ်နှစ်ပေါင်း ၄၃၂၀၀၀၀တွင် သာဝနရက်ပေါင်း ၁၅၇၇၉၁၇၈၂၈ မှတွက်ရသောအချိန်ကာလ ဖြစ်၏။ အနောက်နိုင်ငံခေတ်သစ် နက္ခတ်ပညာကျမ်းများအရ ရာသီနှစ်တစ်နှစ်လျှင် ၃၆၅ရက် ၅နာရီ ၄၉ မိနစ်၄၆ စက္ကန့်ဖြစ်၏။ ယင်းကဲ့သို့လှည့်လည်ရာ နေသွားလမ်းစက်ဝိုင်းတွင် ရာသီ၁၂ပိုင်းပိုင်းခြား၍ ပထမမိဿရာသီအ စသုညအံ့သာသည် အဿဝဏီနက္ခတ်နှင့် တနင်္ဂနွေရဝိဖုဋ္ဋ ဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျ၏။ အိန္ဒိယလူမျိုးတို့သည် ဤအချိန်အခါမှစ၍ နှစ်သစ်ဆန်းချိန်ယူလေသည်။

ဗေဒင်တွက်ရိုးကျမ်းများတွင်ရဝိ မဇ္ဈဂြိုဟ်သွမ်းနှင့် ရဝိဖုဋ္ဌဂြိုဟ်စင်ဟူ၍ တနင်္ဂနွေနေမင်း၏ သွားရာလမ်းကို ဌာနအားလျော်စွာ ခွဲခြား၍ခေါ်ဝေါ်ကြ၏။ သူရိယ သိဒ္ဓန္တကျမ်းများကိုကျွမ်းကျင်သူ တို့သာလျှင်ခွဲခြားသိနိုင်၏။ သာမန်လူများကား ထိုကျမ်းကိုမလိုက်စားဘဲ သိနိုင်ရန် ခဲယဉ်းပေသည်။ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မျက်မြင် တနင်္ဂနွေ ဂြိုဟ်သွား၏ ရာသီအံ့သာစသည်ဖြစ်၏။ ဤရာသီအံ့သာ စသည်များကိုတနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်း၏ ရာသီအံ့သာ စသည်မှတွက်ရ၏။


ထို့ကြောင့်တနင်္ဂနွေရဝိမချ ဂြိုဟ်သွမ်းသည်သင်္ကေတအားဖြင့် ၁၂ရာသီတွင်မှန်မှန် ပျမ်းမျှ၍သွားသောရာသီအံ့သာတို့ဖြစ်၏။ တစ်ဖန် သူရိယနေမင်း၏ဗဟိုချက်နှင့် အဝေးဆုံးတနင်္ဂနွေ၏ မန္ဒဥစ်ဂြိုဟ်သည်လည်း တဖြည်း ဖြည်းရွေ့လျားလျက်ရှိသော ရာသီအံ့သာစသည်ကို အကြောင်းပြု၍ မိဿရာသီသို့တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ် စင်ရောက်သည့်ကာလနှင့် တနင်္ဂနွေရဝိမချဂြိုဟ် သွမ်းရောက်သည့်ကာလ အပိုင်းအခြားတစ်ခု ဖြစ်ပေါ်လာ၏။ ယင်းကာလအပိုင်းအခြားသည် ယခုအခါ တနင်္ဂနွေ၏ မန္ဒဥစ်ဂြိုဟ်သည် မေထုန်ရာသီ ၁ရအံ့သာ ၁ရလိတ္တာ၃၃ဝိလိတ္တာ ၁၂အနုလိတ္တာသို့ရောက်ဆဲဖြစ်၍ မိဿရာသီသို့ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်ရောက်ပြီး နောက်နှစ်ရက်လေးနာရီ လေးမိနစ် ၄ဝစက္ကန့်ကြာပြီးသကာလ တနင်္ဂနွေရဝိမချဂြိုဟ် သွမ်းရောက်၏။ (ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြက္ခဒိန်အကြံ ပေးအဖွဲ့မှတွက်သောကိန်းဖြစ်၏။ သံဒိဋ္ဌကျမ်း၏ကိန်းမှာ နှစ်ရက်လေးနာရီ တစ်မိနစ်၁၂စက္ကန့်ဖြစ်၏။) တနင်္ဂနွေ၏မန္ဒဥစ်ဂြိုဟ်သည် အလွန်အသွားနှေး၏။ နှစ်ပေါင်း ၁ဝဝလျှင်၁၁ဝ လိတ္တာ၃ရအနု လိတ္တာသာသွား၏။ ကလိယုဂ်နှစ်သုည(သက္ကရာဇ် ၁၃၂၄နှစ်တွင်နှစ်ပေါင်း ၅ဝ၆၃လွန်ခဲ့၏။) အခါ ကမန္ဒဥစ်ဂြိုဟ်သည် မေထုန်ရာသီ၁ရ အံ့သာ၊ရ လိတ္တာ၊ ၄၈ဝိလိတ္တာ၊ ၆ အနုလိတ္တာရှိ၏။ တနင်္ဂနွေ ၏မန္ဒဥစ်ဂြိုဟ်သည် တူရာသီသို့ရောက်လျှင် မိဿရာသီသို့ ရဝိမချဂြိုဟ်က ပထမရောက်သဖြင့်သင်္ကြန် အလျှင်တက်၍ ရဝိဖုဋ္ဌဂြိုဟ်သည် နောက်ကျသဖြင့် သင်္ကြန်နောက်မှကျမည်။ ဤကား တနင်္ဂနွေ မန္ဒဥစ်ဂြိုဟ်၏သဘာဝတည်း။ ဆိုခဲ့ပြီးသည့်အတိုင်း တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မိဿရာသီအစသုညအံ့သာသို့ ဝင်ရောက်ချိန်သည် မြန်မာ လူမျိုးတို့၏သင်္ကြန်ကျချိန်ဖြစ်သော်လည်း နှစ်သစ်မကူးသေးချေ။ တနင်္ဂနွေရဝိမချ ဂြိုဟ်သွမ်းမိဿရာသီအစ သုညအံ့သာသို့ ဝင်ရောက်ချိန်သာသင်္ကြန်တက်ချိန်ဖြစ်၍ နှစ်သစ်ဆန်းချိန်ဖြစ် သည်။ ဤကားသူရိယသိဒ္ဓန္တကျမ်း၏မူလဌာနဖြစ်သော ဟိန္ဒူ လူမျိုးတို့၏အယူဝါဒနှင့်မတူချေ။ တနင်္ဂနွေဂြိုဟ်သည် မိဿရာသီမှအစပြိဿ၊ မေထုန်၊ ကြဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု ၊မကာရ၊ ကုမ်၊ မိန် ၁၂ရာသီအံ့သာအဆုံးအထိ လှည့်လည် သွားသောအချိန်မှာ ၃၆၅ရက် ၆နာရီ ၁၂မိနစ် ၃ရစက္ကန့်ရှိ၏။ ကလိယုဂ်တစ်နှစ်လျှင်ရှိသော ရက်နာရီအပိုင်းအခြားဖြစ်သည်။ ထို့ကြောင့် သက္ကရာဇ် ၁၃၂၄ ခုနှစ်နှစ်ဆန်းချိန်မှာ ၃နာရီ ဝမိနစ် ၃၃စက္ကန့်တွင် သင်္ကြန်တက်၏။ ထိုအချိန်သည် ဥဇ္ဇေနီပြည်လင်္ကာ၏ ဒေသန္တရနာရီဖြစ်၍ မြန်မာစံတော်ချိန်နာရီ ၃နာရီ ၂၅မိနစ် ၅၉စက္ကန့်တွင် မြန်မာနိုင်ငံ၌သင်္ကြန်တက်၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်း၏။ (နိုင်ငံတော်ပြက္ခဒိန်အကြံပေး အဖွဲ့၏ဆုံးဖြတ်ချက်၊) သင်္ကြန်ကျချိန်နှင့်သင်္ကြန်တက်ချိန် တွက်လိုလျှင် လွန်ခဲ့သောနှစ်၏ သင်္ကြန်တက်ချိန်၏နေ့ရက် အချိန်များကို မှတ်၍ခြောက်နာရီ ၁၂မိနစ် ၃ရစက္ကန့် (တစ်ခါတစ်ရံ ၃၆စက္ကန့်)နှောလျှင် နောက်နှစ်သင်္ကြန်တက်ချိန်ရ၏။ အင်္ဂလိပ်ရက်တွက်လိုမူ ဖေဖော်ဝါရီလတွင် တစ်ရက်ပိုသော နှစ်နှင့်မြန်မာသက္ကရာဇ် အတာပြန်နှစ်များတွင် တစ်ရက်နုတ်ရာ (အတာပြန်နှစ်ဆိုသည်မှာ ၃၆၅ ရက်ဖြင့်နှစ်မသတ်ဘဲ ၃၆၆ရက် ဖြင့်သတ်သောနှစ်ဖြစ်၏။)

တွက်ပုံ။ ။သက္ကရာဇ် ၁၃၂၂ခုနှစ်၏ သင်္ကြန် တက်ချိန်မှာ ၁၉၆ဝပြည့်နှစ်ဧပြီလ ၁၅ရက် သောကြာနေ့ မွန်းလွဲ ၃နာရီ ဝမိနစ် ၄၆စက္ကန့် (မြန်မာစံတော်ချိန်)ဖြစ်၏။ ယင်းကိုအထက်ပါကိန်း နှင့်နှောလျှင်' ၁၉၆ဝပြည့်နှစ် ဧပြီလ၁၅ရက် မွန်းလွဲ ၃နာရီ ဝမိနစ် ၄၆စက္ကန့် ၆။ ၁၂။ ၃ရစက္ကန့် ၁၉၆၁ခုနှစ် ဧပြီလ၁၅ရက် ။ ၉။ ၁၃။ ၂၃စက္ကန့် သင်္ကြန်ကျချိန်တွက်လိုလျှင် သင်္ကြန်တက်ရက် အချိန်နာရီတွင် နှစ်ရက်လေးနာရီ လေးမိနစ်၄ဝစက္ကန့်နုတ်လျှင် သင်္ကြန်ကျ ရက်နာရီရ၏။

တွက်ပုံ။ ။၁၃၂၃ခုနှစ်၏သင်္ကြန်တက်ချိန် ၁၉၆၁ခုနှစ်ဧပြီလ၁၅ရက် ၉နာရီ ၁၃မိနစ် ၂၃ စက္ကန့် ၂။ ၄။ ၄။ ၄ဝ စက္ကန့် ၁၉၆၁ခုနှစ်ဧပြီလ ၁၃ ။ ၅။ ၈။ ၄၃ စက္ကန့် ဤကဲ့သို့ တွက်နည်းဖြင့် နှစ်ပေါင်း၁ဝဝကျော်အထိ သင်္ကြန်ကျ သင်္ကြန်တက်ရက်များကို ခရစ်နှစ်ဖြင့် တွက်နိုင်၏။ မြန်မာပြက္ခဒိန်ဖြင့်တွက်ရန် ဝါထပ်ရက်ငင်ပြဿနာအမျိုးမျိုး ကြောင့် သုံးလေးနှစ်ခန့်သာတင်ကြို၍တွက်နိုင်၏။ အကယ်၍ဝါထပ်ရက်ငင်မှုသေကိန်းများ ပေါ်ပေါက်ခဲ့လျှင် နှစ်ပေါင်း ၁ဝဝ ပြက္ခဒိန်၌သင်္ကြန်ကျ၊ နှစ်ဆန်းနှင့် ဝါထပ်များတင်ကြို၍ စီမံနိုင်မည်ဖြစ်လေသည်။ သင်္ကြန်ကျ ရက်နှင့်သင်္ကြန်တက်ရက်အတွင်းရက်များကို သင်္ကြန်အကြတ်ရက်များဟုခေါ်သည်။

တွက်ပုံ။ ။၁၉၆၂ခုနှစ်ဧပြီလ ၁၃ရက် သကြ‡န်ကျရက် ၁၄ရက် သင်္ကြန်အကြတ်ရက် ၁၅ရက် ၁၆ရက် သင်္ကြန်တက်ရက် မြန်မာဗေဒင်ကျမ်းများ၌ တနင်္ဂနွေဂြိုဟ်သည် တစ်နှစ်တစ်ကြိမ် မိဿရာသီသို့ဝင်သောအခါ၌မိဿ သင်္ကြန်ခေါ်၏။ အနောက်နိုင်ငံ သိုးဆောင်းလူမျိုးတို့၏ နိုင်ငံရေးဟောကိန်းများ၌လည်းမတ်လ ၂၁ရက် နေ့

သာယနရဝိမိဿရာသီဝင်၊ဇွန်လ၂၁ရက်နေ့ သာယနရဝိကြဋ္ဋ ရာသီဝင်စက်တင်ဘာလ၂၃ရက် သာယနရဝိတူရာသီဝင် ဒီဇင်ဘာ ၂၂ရက် သာယနရဝိမကာရရာသီဝင်စသော အချိန်များဖြင့်ဒွာရလေးခွင် သင်္ကြန်ဝင်ဟောကိန်းများကို ရာသီ၏နှစ်စဉ်ပြိုဟ်သွား ပြက္ခဒိန်နှင့် ဟောကိန်းစာအုပ်တွင် ဖေါ်ပြလေ့ရှိ၏။ သို့ရာတွင်ဗေဒင်လောကတွင် သင်္ကြန်မည်သည် တနင်္ဂနွေရဝိဖုဋ္ဌပြိုဟ်စင် ရာသီများသို့ဝင်ချိန်ဖြစ်၏။




"Enchanted Life to Immortal"

အပိုင်း(၄)

စာအုပ်အနက်ရောင်အဖုံးတွင် စာလုံးအချို့ရှိသည်။ "The Book of 3rd School" အောက်တွင် ရေးသားထားသော စာလုံးမှာ ကျောင်းအမှတ်(၃)ရာဇဝင်ကျမ်းဟု ရေးသားထားသည်။ အနက်ရောင်အဖုံးတွင် အညိုရောင်စာလုံးများဖြင့် ရေးသားထားသော စာလုံးများသည် မျက်လုံးမှုန်နေသောလူတစ်ယောက် ဖတ်မည်ဆိုပါက မြင်တွေ့နိုင်မည်မဟုတ်ချေ။ စာအုပ်အဖုံးကိုလှန်လိုက်ပြီး ပထမစာရွက်တွင် အဖုံးတွင်ရေးထားသောစာလုံးကိုပင် ပြန်လှန်ရေးသားထားခြင်းဖြစ်သည်။ တတိယစာမျက်နှာတွင် ဤစာအုပ်ကို ရေးသားပြုစုခဲ့သူများစာရင်းဆိုပြီး နာမည်များရေးသားထားတာကိုတွေ့ရသည်။

"ဤစာအုပ်ကို အောက်ပါလူများ၏အကူအညီဖြင့် ရေးသားခဲ့သည်။

(၁) Mr. Buster (3rd School of Midnight)

(၂) Mr.Corelin (3rd School of Midnight)

(၃) ဒေါက်တာလှသောင်း (သမိုင်းသုတေသီ)

(၄) ဒေါက်တာမင်းမောင် (ရှေးဟောင်းသုတေသနပညာရှင်)

(၅) ဒေါ်မေသရဏီ (မြန်မာစာပါမောက္ခ)

(၆) ဦးနိုင်အောင်စိုး (တိုင်းရင်းဆေးသိပ္ပံ)

(၇) ကိုမောင်မြင့်မိုး (ဓာတ်ပုံပညာရှင်)"

လင်းမို့၏စိတ်ထဲတွင် ကိုမောင်မြင့်မိုးဆိုသည်မှာ ငါ့ဆရာကိုယ်တိုင်လား နာမည်တူတာလားဟု စိတ်ထဲတွင် သံသယဝင်မိသွားလေသည်။ မည်သို့သံသယဝင်ပေမယ့် ဆက်စပ်စဉ်းစား၍ မရသောကြောင့် စာအုပ်ကိုသာ ပြန်လည်အာရုံစိုက်လိုက်သည်။ နောက်တစ်ရွက်တွင် အမှာစာ ဟုခေါင်းစဉ်တပ်ထားသော စာရှည်တစ်ခုကိုမြင်လိုက်သည်။

အမှာစာ

ဤစာအုပ်သည် (၆၈)ကြိမ်မြောက် ပြန်လည်စုဆောင်းထားခြင်းဖြစ်ပေသည်။ အရင်စုဆောင်းထားသော စာအုပ်များသည် တတိယမြောက် သန်းခေါင်ယံကျောင်းတော်၏လျှို့ဝှက်အခန်းထဲတွင် သိမ်းဆည်းထားပြီးပြီဖြစ်သည်။ ဤစာအုပ်သည် လက်ရှိ အ.ထ.က(၄) ယခင် တတိယမြောက်သန်းခေါင်ယံကျောင်းတော်ကြီး၏ သမိုင်းကြောင်းများနှင့် ထူးခြားဆန်းကြယ်မှုများကို မှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။ ဤစာအုပ်ကြီးတွင် ထူးဆန်းဖွယ်ရာ အကြောင်းအရာများစွာ ပါဝင်သည့် အတွက် မဖတ်သင့်သောသူများ ကိုင်ထိခွင့်မရစေရေးအတွက် ကျိန်စာပါ တိုက်ထားကြသည်။ ဖတ်ရှုသူများတွင်လည်း လူတန်းစား(၄)မျိုး ပါဝင်သည်။

(၁) ရိုးရိုးဖတ်ရှုခွင့်ရသူ

(၂) ဖတ်ရှုခွင့်နှင့်ရေးသားခွင့်ရသူ

(၃) ဖတ်ရှုခွင့်၊ ရေးသားခွင့်နှင့် တွေ့ကြုံခွင့်ရသူ

(၄) အရွေးချယ်ခံရသူ

တို့ပင်ဖြစ်ကြသည်။

ယခုဒီစာအုပ်ကိုဖတ်နေသော သင်သည်လည်း မည်သည့်အတန်းစားမျိုးမှ ဖြစ်သနည်းဆိုတာတော့ သင် တဖြည်းဖြည်း သိလာလိမ့်မည်ဖြစ်ပေသည်။ သင်သည် ထာဝရဝိဉာဉ်တော်များဖြင့် နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံခဲ့ပြီးသူဆိုပါက မကြာခင်အတောအတွင်းမှာ ကြည်လင်ပြတ်သားသော နိမိတ်၊ အိပ်မက်၊စကားများ လက်ခံရရှိပေလိမ့်မည်ဖြစ်သည်။

နောက်ဆုံးရေးသားခဲ့သူ

18.12.63

ပြင်ဆင်ရေးသားခဲ့သူ

17.2.91

ထိုအမှာစာကို ဖတ်ရှုပြီးသောအခါ နောက်ဆုံးရေးသားခဲ့သူအပေါ်တွင် တံဆိပ်တုံးတစ်ခုထုထားသည်။ ထိုတံဆိပ်တုံး၏ ပုံစံမှာ ဖီးနစ်အတောင်ပံဖြန့်လျက် ဖီးနစ်၏ခေါင်းသည် အပေါ်သို့မော့နေပြီး ပါးစပ်မှ မီးတောက်များထွက်နေလေသည်။ ဖီးနစ်၏ ခြေထောက်တွင် စာချွန်လွှာတစ်ခုကဲ့သို့ စာအချို့ရှိသည်။ စာချွန်လွှာကိုချီထားသော ဖီးနစ်ငှက် မီးတောက်များ မှုတ်နေသည်ကို စက်ဝိုင်းပတ်ထားခြင်းဖြစ်သည်။ စာတန်းမှာ Third Midnight School ဖြစ်သည်။ လင်းမို့သည် တံဆိပ်ခေါင်းကို သေချာကြည့်နေချိန်တွင် တံဆိပ်ခေါင်းထဲရှိ ဖီးနစ်ငှက်ကြီး၏ မျက်လုံးသည် အသက်ဝင်လျက် လင်းမို့အား ပြန်ကြည့်နေသကဲ့သို့ ဖြစ်နေသဖြင့် လင်းမို့လည်း လန့်ပြီး လက်ထဲမှ စာအုပ်လည်း ကုတင်အောက်သို့ ဘုတ်ခနဲ ပြုတ်ကျသွားသည်။ စာအုပ်ကျသွားသည့် အချိန်တွင် ခွေးအူသံများသည် ဆူသွားလေတော့သည်။ လင်းမို့လည်း ကြက်သီးမွေးများထလာပြီး မီးများကိုပင် မပိတ်တော့ဘဲ စောင်ကို ခေါင်းမြီးခြုံထားလေသည်။ လင်းမို့ခေါင်းမြီးခြုံထားချိန်တွင် ကြမ်းပြင်ပေါ်သို့ကျသွားသော စာအုပ်သည် ခေါက်လျက်သား ကျသွားသော်လည်း စာရွက်များသည် လူတစ်ယောက်မှ စာရွက်များကို လှန်သကဲ့သို့ လှန်သွားပြီး စာအုပ်သည် ခေါက်လျက်သားမဟုတ်တော့ဘဲ စာအုပ်ပုံစံပြန်ဖြစ်သွားလေတော့သည်။ ပြီးနောက်စာအုပ်အနားတွင် ထူးဆန်းသော အငွေ့တန်းများ ရစ်ပတ်နေပြီး ထိုအငွေ့တန်းများသည် လေပေါ်သို့လွင့်လာကာ စားပွဲပေါ်သို့ စာအုပ်ရောက်သောအခါ အငွေ့တန်းများသည် ပျောက်ကွယ်သွားလေသည်။

ထိုအခြင်းအရာသည် လင်းမို့ စောင်ခေါင်းမြီးခြုံနေသည့် အချိန်အတောအတွင်းဖြစ်သွားခြင်း ဖြစ်သည်။ လင်းမို့လည်း မိနစ် အနည်းငယ်ခန့် ကြာလောက်အထိ စောင်ခေါင်းမြီးခြုံနေသော်လည်း ရာသီဥတုအခြေအနေသည် အေးစက်ခြင်း မရှိဘဲ အပူအနည်းငယ် လွှမ်းကဲတာတစ်ကြောင်း၊ လင်းမို့၏ ဇောချွေးပျံမှုကြောင့်ကလည်း တစ်ကြောင်းကြောင့် စောင်အတွင်းတွင် ချွေးများ စိုရွှဲနေလေသည်။ ပူလောင်ခြင်းဒဏ်ကို မခံနိုင်ခြင်းကြောင့် စောင်ကို ခန္ဓာကိုယ်မှ ဖယ်လိုက်ပြီး စာအုပ်ကိုပြန်ဖတ်မည်ဟုလက်သည် ကုတင်အောက်ကိုရောက်သွားပြီး စာအုပ်ကို ရှာသည့်အခါ မည်သည့်စာအုပ်မှ မတွေ့ရသဖြင့် လင်းမို့၏စိတ်ထဲတွင် တစ်မျိုးဖြစ်သွားလေသည်။ ကုတင်ပေါ်သို့ထိုင်လိုက်ပြီး စားပွဲပေါ်သို့ ကြည့်လိုက်သောအခါ စာအုပ်သည် အဆန့်သားလေး ရောက်နေတာ မြင်လိုက်တဲ့အခါ ကြောက်ရွံ့စိတ်ထက် အံ့သြစိတ်များ ပိုများသွားသည်။

"ငါ စာအုပ်ကုတင်အောက်ကျသွားတယ်ဆိုတာ အသိသာကြီးပဲ။ ဘာကြောင့် စားပွဲပေါ်ရောက်နေရမှာလဲ။ စာအုပ်က ဘုတ်ကနဲမြည်သံတောင် ကြားသေးတာပဲ။ ငါခေါင်းမြီးခြုံတဲ့အချိန်မှာ ဘယ်သူက ကောက်ပြီး စားပွဲပေါ်လာတင်သွားတာလဲ။ သေချာတာကတော့ စာအုပ်မှာ ထူးဆန်းဖွယ်ရာတစ်ခုခု ရှိနေတာတော့ သေချာတယ် ... ။"

အတွေးများလည်း တစ်ဖြည်းဖြည်း ပိုလာပြီး စာအုပ်ကိုပြန်ယူပြီး စားပွဲပေါ်တင်ထားလိုက်လေသည်။ အခန်းကိုလည်း အကာအကွယ်မန္တန်များဖြင့် စည်းချလိုက်လေသည်။ ထို့နောက် စာအုပ်ကို ပြန်ဖွင့်ကာ စောစောက အမှာစာ နောက်တစ်ရွက် ကို လှန်စိုက်လိုက်လေသည်။ ရှေးဟောင်း အ.ထ.က (၃)၏ ဓာတ်ပုံများကို တွေ့ရလေသည်။ တတိယစာမျက်နှာ နှစ်ခုစလုံးတွင် ရှေးဟောင်းဓာတ်ပုံများကို တွေ့ရပြီး နောက်တစ်ရွက်တွင် ခရစ်ယာန်ကျောင်းတော်တစ်ခု၏ ပုံကိုရိုက်ထားသည်။

ထို Church ကြီး၏ အောက်တွင် 3rd Church ၏ Midnight (1801 – 1862) ဟူသော ပုံများကိုတွေ့ရသည်။ ခရစ်ယာန်ကျောင်းတော်ကြီး၏ အရှေ့ အနောက်ကို ရိုက်ထားသော ပုံများဖြစ်သည်။ ခရစ်ယာန်ကျောင်းတော်ကြီး၏ ပုံစံမှာ အဖြူရောင်၊ အနက်ရောင် နှစ်မျိုးသာ သုတ်ထားပုံရသည်။ ကျောင်းမကြီးသည် ထိပ်ချွန်ပြီး အချွန်နှစ်ဖက်နေရာတွင် ထိပ်ချွန်နှစ်ခုရှိသည်။

တစ်နည်းအားဖြင့် ဘုရားရှိခိုးကျောင်းကြီးနှင့် မတူဘဲ ရဲဝတိုက်ကြီးတစ်ခုနှင့် တူညီနေသည်။ ခရစ်ယာန်ကျောင်းတော်ကြီး၏အနောက်တွင်ရှိသော ခရစ်ယာန်သချိုင်းတော်ပုံများလည်း တွေ့ရသည်။ ပုံများသည် သချိုင်းနှင့်မတူဘဲ ပန်းပုဆရာကောင်းတစ်ယောက်၏ လက်ရာများကို စုဆောင်းထားသော နေရာတစ်ခုအလားဖြစ်သည်။ ထိုသချိုင်း၏ ပုံအောက်တွက် ရေးထားသောစာမှာ "Elder Spirit Grave" ဟူ၍ ဖြစ်သည်။ စာမျက်နှာ(၂၀)လောက်အထိ ဓာတ်ပုံများပင်ဖြစ်သည်။

ဓာတ်ပုံများ မပါဝင်သေးသည့် နောက်တစ်ရွက်တွင် တတိယမြောက် သန်းခေါင်ယံကျောင်းတော်ကြီး၏ သမိုင်းကြောင်းနှင့် လက်ရှိအထိ အကြောင်းအရင်များဟူသော ခေါင်းစဉ်ကြီးတပ်ထားသောစာများကို တွေ့ရလေသည်။ ထိုစာများကို အကျဉ်းချုပ်ဖော်ပြပေးပါမည်။ (အကျယ်ကိုတော့ နောက်တစ်ချိန်တွင်ထုတ်ဝေမည့် "တတိယမြောက် သန်းခေါင်ယံကျောင်းတော်ကြီး" ဇာတ်လမ်းတွင် ဇာတ်လမ်းနှင့် သမိုင်းကြောင်းပါ ဖော်ပြပေးမည်ဖြစ်ပါသည်။ )

အောက်ဖော်ပြပါ အကြောင်းအရာများသည် ကျောင်းတော်ကြီး၏ သမိုင်းကြောင်းများအား အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်ပါသည်။

"တတိယမြောက်သန်းခေါင်ယံကျောင်းတော်ကြီး

ဤကျောင်းတော်ကြီးသည် ကမ္ဘာတစ်ဝှမ်းရှိသော ကျောင်းတော်ကြီးများထက် ရှေးကျသည်။ အေဒီ(၈)ရာစု ကတည်းက တည်ရှိခဲ့သည်။ (၈)ရာစု အရှေ့ပိုင်းတွင် သန်းခေါင်ယံကျောင်းတော်ကြီးဟု မခေါ်ဆိုနိုင်ကြဘဲ အခြားသော နာမည်ဖြင့်သာ ခေါ်ဝေါ်ခဲ့ကြသည်။ (၈)ရာစုနောက်ပိုင်းတွင် ကမ္ဘာပေါ်တွင် သန်းခေါင်ယံကျောင်းတော်ကြီး (၉)ကျောင်းရှိခဲ့သည်။ ပထမသည် အီဂျစ်နိုင်ငံ၊ ဒုတိယသည် အိန္ဒိယ၊ တတိယသည် မြန်မာ၊ စတုတ္ထသည် အာဖရိက၊ ပဉ္စမသည် ဂျပန်၊ ဆဋ္ဌမသည် တရုတ်၊ အဋ္ဌမသည် မက္ကစီကို၊ နဝမသည် ရှေးဟောင်း အတ္တလန်တိတ်တိုက်ကြီး၏ နဂါးပုံသဏ္ဍာန်ရှိသော ကျွန်းစုပေါ်တွင် တည်ရှိသည်။ သန်းခေါင်ယံကျောင်းတော်ကြီးသည် ခေတ်အဆက်ဆက်အယူဝါဒများကို လက်ခံကျင့်သုံးခဲ့ကြပြီး သန်းခေါင်ယံကျောင်းတော်သားများသည် Pagan တည်းဟူသော ဘာသာစုံယုံကြည်မှုဝါဒကို ခံယူကျင့်သုံးကြသည်။ သန်းခေါင်ယံကျောင်းတော်ကြီးတွင် သင်ကြားပေးသော ဘာသာရပ်များသည် အဆင့်လိုက်ရှိသည်။ ဂန္ဓာရီမှော်အတတ်ပညာများ၊ ဓာတ်ကြီးလေးပါးပညာများ၊ စိတ်စွမ်းအင်ပညာများ၊ လက်မှုပညာများနှင့် ရှေးဟောင်းလောကီအတတ်ပညာများ ပါဝင်ကြသည်။ လက်ရှိ အ.ထ.က(၃)တည်းဟူသော ကျောင်းကြီးတွင်ရှိသော ဆရာ ဆရာမအချို့နှင့် ကျောင်းသားများသည်လည်း တတိယမြောက် သန်းခေါင်ယံကျောင်းတော်သားတွေ၏ မျိုးဆက်များပင်ဖြစ်ပေသည်။ တတိယမြောက် သန်းခေါင်ယံကျောင်းတော်ကြီး၏ နေရာသည် မြေအောက် ဂါထာမန္တန်များဖြင့် စီရင်ထားသော လှေကားမှဆင်းပြီး ဆေးဝါး၊ အင်း များဖြင့် ဖန်တီးထားသော ဒုတိယအပေါ်လှေကားမှတက်လျှင် တတိယမြောက် သန်းခေါင်ယံကျောင်းတော်ကြီးကို ရောက်မည်ဖြစ်သည်။ သန်းခေါင်ယံကျောင်းတော်ကြီးနှင့် လက်ရှိ အထက်တန်းကျောင်းကြီး၏ ကွာခြားချက်မှာ လက်ရှိအထက်တန်းကျောင်းများသည် မနက် (၁၀)နာရီထိုးလျှင် ကျောင်းတက်ခေါင်းလောင်းထိုးပြီး သန်းခေါင်ယံကျောင်းတော်ကြီးတွင် ည(၁၀)နာရီအတိတွင် ကျောင်းတက်ခေါင်းလောင်းထိုးလေသည်။ ကျောင်းသားများအနေဖြင့် ပြင်ပမှကျောင်းသားများရှိသလို အခြားစကြဝဠာနှင့် အခြားနယ်များမှ လာတက်သော ကျောင်းသားများလည်းရှိကြသည်။ လက်ရှိခေတ်အမြင်ဖြင့်ကြည့်ပါက မနက်(၃)နာရီဆိုလျှင် ကျောင်းဆင်းခေါင်းလောင်းထိုးသည်။ ကျောင်းအတွင်းရှိလူများကတော့ အဆောင်များတွင် နေထိုင်ပြီး လက်ရှိခေတ်လူများကတော့ အိပ်မက်မက်သကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် စိတ်ဖြင့်ရော ရုပ်ခန္ဓာနှင့်ပါ လာရောက်သင်ကြားနိုင်သည်။ ကျောင်းတော်ကြီးများသည် (၉)ကျောင်းရှိလေရာ တစ်ကျောင်းကိုတစ်ကျောင်း ဆယ်နှစ်စောင့်ရသည်။

တတိယမြောက်ကျောင်းအတွက် ဆယ်နှစ်ပြီးပါက စတုတ္ထကျောင်းတွင် ဆယ်နှစ်ဖွင့်သည်။ ကျန်သည့် (၈)ကျောင်းကတော့ အလိုအလျောက် ပျောက်ကွယ်သွားကြသည်။ ထို့ကြောင့် နှစ်ကိုးဆယ်မှ တစ်ကြိမ်ဖွင့်လှစ်သော သန်းခေါင်ယံကျောင်းများဖြစ်ပေသည်။ သန်းခေါင်ယံကျောင်းမှ အခြားသန်းခေါင်ယံကျောင်းသို့ လာပါက Elder Spirit Grave အတွင်းရှိ ဂူတစ်ခုကနေ သွားရောက်နိုင်သည်။ သန်းခေါင်ယံကျောင်းတော်ကြီးနှင့် အထက်တန်းကျောင်းတို့ တည်ရှိပုံမှာ ပြောင်းပြန် အနေအထားမျိုး ဖြစ်သည်။ အချို့ကျောင်းသားများသည် သန်းခေါင်ယံကျောင်းတော်ကြီးကို အိပ်မက်ဖြင့် တက်ရောက်ခွင့်ရှိကြသည်။ သန်းခေါင်ယံကျောင်းတော်ဟု အမည်သမုတ်သောကျောင်းမှာ ကိုးကျောင်းရှိပြီး တစ်ကျောင်း(၁၀)နှစ် ပြီးလျှင် အဆိုပါကျောင်းကို နောက်နှစ်ပေါင်း (၉၀)မှ ပြန်ရောက်လာပေလိမ့်မည်။ ထို့ကြောင့် ကျန်ရှိနေသည့် (၈)ကျောင်းမှ ဆရာများသည် အခြား သန်းခေါင်ယံကျောင်းတော်နာမည်များ မဟုတ်ဘဲ အခြားကျောင်းပညာရပ်များကို သင်ကြားပေးလေသည်။ အချို့ကျောင်းသားများ၏ အိပ်မက်ထဲတွင် ကျောင်းတက်ခဲ့သည့်အကြောင်းအရာများကို ဦးနှောက်၏ နှာပ်ကြောတစ်ခုကို ဆရာများက ပိတ်ထားခြင်းကြောင့် မမှတ်မိကြတော့ဘဲ ပညာရပ်များကို အလိုလိုတတ်ကျွမ်းလာခဲ့ကြသည်။ ဤအကြောင်းအရာများသည် ကမ္ဘာပေါ်ရှိ အံ့ဖွယ်ကျောင်းတော်ကြီးများအကြောင်းကို ကြားဖြတ်ပြီး ရေးသားရခြင်းပင် ဖြစ်ပေသည်။

တတိယမြောက်သန်းခေါင်ယံကျောင်းတော်ကြီးကို ဖွင့်လှစ်ခဲ့သူတို့မှာ Double Alberli, Volter Selekrioz, Mertial Seeker, Alingodar Phrogh Venix တို့ ဆရာလေးယောက်တို့ဖြစ်ကြသည်။ သူတို့သည် မှော်ဆရာများလည်း ဖြစ်ကြပြီး ပြင်ပလောကတွင်လည်း ကြီးကျယ်မြင့်မြတ်သူများဖြစ်ကြသည်။ ရေအောက်ထဲတွင် နစ်မြုပ်သွားသော သန်းခေါင်ယံကျောင်းများ မတိုင်မီ နေလဦးကျောင်းတော်၊ လရိပ်စန္ဒာကျောင်းတော်၊ မဟူရာကျောင်းတော်၊ သလင်းကျောက်နန်းတော်အတွင်းရှိ ဟီတဘာရဇိတခန်းမအဆောင်၊ သီတာရေစင်နန်းတော်အတွင်းရှိ သီတာရေခန်းမအဆောင်၊ သံလိုက်နက်ကျောင်းတော်၊ စကြာမီး ကျောင်းတော် အစရှိသော ကျောင်းတော်များသည် ကမ္ဘာဦးကျောင်းတော်ကြီးများပင် ဖြစ်ကြသည်။ တတိယမြောက် ကျောင်းတော်ကြီးကို တည်ဆောက်ရာတွင် အသုံးပြုသောကျောက်များ နံရံများသည် အီဂျစ်တို့၏ ပိရမစ်တို့ တည်ဆောက်ရာတွင် အသုံးပြုသော ကျောက်များနှင့် အတ္တလန္တိတ်မှ အစွမ်းထက်သော အဆောင်မန္တန်များဖြင့် တည်ဆောက်ထားသည်။ သန်းခေါင်ယံကျောင်းတော်ကြီးတွင်ရှိသော Ovuluar Garden (သွေးသစ္စာဥယျာဉ်) အတွင်းရှိ အပင်များသည် မြန်မာအသုံးနတ်ဆေးပင်များနှင့် ကမ္ဘာတစ်ဝှမ်းရှိ နတ်ဆေးပင်များကို ဆေးအတတ်ကျွမ်းကျင်သော ဆရာကြီး Alingodar က ရှာဖွေထားခြင်းဖြစ်သည်။ နဂါးတို့၏နေထိုင်ရာဖြစ်သော သေလာတောင်နှင့် နာဂါတောင်၊ ကိန္နရာတို့၏နေထိုင်ရာဖြစ်သော နရပိန္နတောင်နှင့် သာလပြနိတောင်၊ ဘီလူးတို့၏ နေထိုင်ရာဖြစ်သော သီလာစန္ဒနတောင်၊ သီလာပဇ္ဇိတောင်နှင့် ခတိကဝနတောင်၊ ဇော်ဂျီတို့နေထိုင်ရာဖြစ်သော မဇ္ဇဂီရိတောင်၊ ပဥ္စသာလာတောင်၊ ယန္တဝိကတောင်၊ သိက္ခာသုနက္ခတောင်၊ ဥဇ္ဇာသတောင်နှင့် သိဒ္ဓိစံတောင် အစရှိသော တောင်ပေါင်း ကိုးရာနှစ်ဆယ့်ငါးတောင်မှ ဆေးပင်များစွာပါဝင်သည်။

ဆရာလေးယောက်လုံးတို့သည် အီဂျစ်ပင်မတက္ကသိုလ်ကြီးမှ အတတ်ပညာများကို ရရှိထားသူများဖြစ်ကြသည်။ ဆရာလေးယောက်လုံး၏ ဖန်တီးချက်များကို ထုတ်ဖော်ခဲ့သူများရှိခဲ့ပေမယ့် တတိယကျောင်းတော်ကြီးတွင် လျှို့ဝှက်ချက်များစွာ ရှိနေခဲ့ကြသေးသည်။ သန်းခေါင်ယံကျောင်းတော်ကြီးများ ကျောင်းမဖွင့်မီ ကိုးလအလိုခန့်မှစပြီး ကျောင်းတော်ကြီးတည်ရှိရာ နေရာများမှ ထူးဆန်းသောနိမိတ်များ ထွက်ပေါ်လာတတ်သည်။ ထူးဆန်းသောနိမိတ်များမှာ တစ်ခုနှင့်တစ်ခု မတူညီကြချေ။ ထိုနိမိတ်များမှာ -

(၁) ထူးဆန်းသော မီးခိုးငွေ့များဖုံးလွှမ်းနေခြင်း

(၂) သတ္တဝါများ၏အသံများမှာ သာမန်သဘာဝအသံမဟုတ်ဘဲ ဘာသာစကားတစ်မျိုးမျိုးကို ပြောနေသည့် အသံများ ထွက်နေခြင်း

(၃) သချိုင်းတော်မှ ဝိညာဉ်များနှင့် စွမ်းအင်များ လွတ်လပ်စွာလျှောက်သွားနေကြခြင်း

(၄) သစ်ပင်များကိုခုတ်လိုက်ပါက သွေးများထွက်လာခြင်း

(၅) မြေကြီးများထဲမှ ထူးဆန်းသောကျောက်များထွက်လာခြင်း

(၆) ကျောင်းတော်ကြီး၏ အဆက်အနွယ်များ၏ မှတ်ဉာဏ်များပြန်ရလာခြင်း

စသည်တို့ဖြစ်ပေသည်။

တတိယမြောက်ကျောင်းတော်ကြီး၏ ခမ်းနားကြီးကျယ်မှုများသည် သန်းခေါင်ယံကျောင်းတော်များ အကြားတွင် ထွန်းလင်း တောက်ပလျက်ရှိကြသည်။ နှစ်ပေါင်းသုံးရာတွင် သန်းခေါင်ယံကျောင်းတော်ကြီး ကိုးကျောင်းနှင့် အခြားအမည်ဖြင့် တည်ရှိနေသော ကျောင်းများအားလုံးကို စုပေါင်းပြီး ပြိုင်ပွဲလုပ်ကြသည်။ ပြိုင်ပွဲမှာ ပညာရပ် ဆယ့်ငါးခုကိုယှဉ်ပြိုင်ရသည်။ ထိုပညာရပ် ဆယ့်ငါးခုမှာ

(၁) သင်္ကေတနှင့် နတ်ဘုရားများဆိုင်ရာပညာရပ်

(၂) မရဏနှင့်သေဆုံးခြင်းဆိုင်ရာပညာရပ်

(၃) ဆေးရည်များဆိုင်ရာပညာရပ်

(၄) မှော်ဆေးပင်နှင့် ဆေးဝါးဆိုင်ရာပညာရပ်

(၅) စိတ်ဖြင့်သက်ဆိုင်သောပညာရပ်

(၆) တည်ဆောက်မှု အသက်ဝင်ခြင်းနှင့် ဖန်တီးခြင်းပညာရပ်

(၇) ရေဖြင့်သက်ဆိုင်သောပညာရပ်

(၈) မီးဖြင့်သက်ဆိုင်သောပညာရပ်

(၉) မြေဖြင့်သက်ဆိုင်သောပညာရပ်

(၁၀) လေဖြင့်သက်ဆိုင်သောပညာရပ်

(၁၁) မီးဖြင့်သက်ဆိုင်သောပညာရပ်

(၁၂) ဟောပြောခြင်းဆိုင်ရာပညာရပ်

(၁၃) မှော်ဝင်လက်နက်နှင့် အနုပညာဖန်တီးခြင်းဆိုင်ရာပညာရပ်

(၁၄) စကြဝဠာဆိုင်ရာပညာရပ်

(၁၅) သီးခြားဖန်တီးခြင်းဆိုင်ရာပညာရပ်

များတို့ပင်ဖြစ်ကြသည်။ စကြဝဠာလုံးဆိုင်ရာ ပြိုင်ပွဲများ စိစစ်ရေး အဖွဲ့ချုပ်၏ စည်းကမ်းများကို လိုက်နာရပြီး ဂြိုဟ်ကြီး ဆယ်ခုနှင့် ကမ္ဘာမှ ပညာရှင်ငါးယောက်တို့အား ဒိုင်လူကြီးများအဖြစ် သတ်မှတ်ထားသောကြောင့် ပေါ့သေးသေးပြိုင်ပွဲလေးတော့ မဟုတ်ပေ။ စကြဝဠာတွင်ရှိသော အကြီးကျယ်ဆုံးပြိုင်ပွဲများစာရင်းတွင် နံပါတ်(၆)အဆင့်ရှိသည်။ ပြိုင်ပွဲ၏အမည်မှာ "မှော်ပညာရှင်တို့၏ အွန္တိမပြိုင်ပွဲ"ဟူ၍ဖြစ်သည်။ ပြိုင်ပွဲများသည် ကျင်းပခဲ့သည့်အကြိမ်ပေါင်း (၃၂၄)ကြိမ်ပြီးမြောက်သွားခဲ့ပြီး တစ်ကြိမ်တွင် ဆုပေါင်း(၁၅)ဆု ပေးအပ်ခဲ့ရာ တတိယမြောက်ကျောင်းတော်ကြီးသည် အကြိမ်ရေ (၁၂၇)ကြိမ်မြောက်မှစတင်ပြီး ဆု(၇)ခု မှ (၁၀)ခုအထိ ရခဲ့သည်။ ထို့ကြောင့် တတိယကျောင်းတော်ကြီးသည် ကမ္ဘာနှင့် စကြဝဠာတွင် အလေးထားရသော ကျောင်းတော်ကြီး တစ်ခုဖြစ်နေချေသည်။

"ဘုတ်"

လင်းမို့စိတ်သည် စာအုပ်ထဲတွင် ရောက်နေသောအချိန်တွင် စားပွဲပေါ်မှ စာအုပ်တစ်အုပ် ပြုတ်ကျသွားခြင်းဖြစ်သည်။ လင်းမို့လည်း အိပ်ရာပေါ်မှဆင်းကာ ထိုစာအုပ်ကို ကောက်ပြီး စားပွဲပေါ်သို့ပြန်တင်လိုက်လေသည်။ စားပွဲပေါ်တွင် ကုတင်ပေါ်တက်ပြီး ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည်နှင့် တစ်ချိုးတည်း အိပ်မောကျသွားလေသည်။

လင်းမို့ အိပ်မောကျနေချိန်တွင် သမိုင်းကြောင်းစာအုပ်ထဲမှ ထူးဆန်းသောလိုင်းများဖြင့် လျှပ်စစ်မီးထပွင့်သကဲ့သို့ ထွက်လာပြီး လင်းမို့၏ ခန္ဓာကိုယ်တစ်ခုလုံးအား လွှမ်းခြုံသွားလေသည်။ တစ်ခန်းလုံးရှိမီးများလည်း ပိတ်သွားလေတော့သည်။

အပိုင်း(၄)ကိုဆက်လက်ဖတ်ရှုကြပါရန်။

မိုးကြယ်စင်

## *အစီအရင်တွေလုပ်ရတာ မထူးခြားဘူးလား....ဒီနည်းလေးနဲ့ မိမိကိုယ်မိမိသန့်စင်မှုပြုကြည့်ကြပါလား .*

အစီအရင်တွေလုပ်ရတာ ထူးခြားမှုမရှိဘဲ ဖြစ်နေပါသလား။ ကိုယ့်ကိုယ်ကို ကံဆိုးကံညစ်တွေနဲ့ပဲ ပြည့်နှက်နေတယ်လို့ ထင်ပါသလား။ နှစ်သစ်မှာ မကောင်းတဲ့အညစ်တွေကို ပစ်ပြီး အသစ်အသစ်သော အကောင်းစားတွေကို ကြိုဆိုလိုက်ကြရအောင်လား။

အဆင့်(၁) - မိမိအခန်း၏ မြောက်ဘက်တွင် ရေတစ်ခွက်ချပါ။

အဆင့်(၂) - ထိုရေခွက်ထဲမှ ရေပြင်လေးပေါ်သို့ လက်ဖြင့် အသာလေးအပေါ်ယံနားလေး ထိရုပ်ကာ ညင်ညင်သာသာပွတ်သပ်ပေးပါ။ ပွတ်သပ်ပေးလိုက်တိုင်းမှာလည်း

"ငါ့ကိုယ်ထဲက အပူဓာတ်တွေကို ရေပြင်လေးက စုပ်ယူသွားပြီ"

လို့ပြောပေးနေပါ။

အဆင့်(၃) – (၁၅)မိနစ်ခန့်ပွတ်သပ်နေပြီးနောက် ရေလဲပြီးနောက် ရေခွက်ကိုနေရာမှာတင်ထားခဲ့ပါ။

အဆင့်(၄) - နေသာသလို သက်တောင့်သက်သာထိုင်ချလိုက်ပြီး အသက်ကိုဖြည်းဖြည်းချင်းရှူကာ ဝင်လေထွက်လေကို မှတ်ထားလိုက်ပါ။

အဆင့်(၅) - စိတ်အနည်းငယ်တည်ငြိမ်လာပြီဆိုပါက အသက်ရှူသွင်းချိန်တွင် ရင်ဘတ်မှတစ်ဆင့် အသက်ရှူသွင်းကာ စွမ်းအင်များ မိမိကျောရိုးတစ်လျှောက် စီးဆင်းနေသည်ဟု စိတ်ထဲတွင်ခံယူထားပါ။

အဆင့်(၆) - အသက်ကိုရှူထုတ်ချိန်တွင်တော့ စိတ်ကိုလျှော့ချကာ ဘီးလိယိတ်ဟု ပါးစပ်လှုပ်လောက်ရုံသာ အသံထွက်ရွတ်ပေးပါ။

အဆင့်(၇) - ထိုဝင်လေထွက်လေအတိုင်းကို (၁၅)မိနစ်လောက်လုပ်ဆောင်ပြီးပါက ရေခွက်ထဲမှရေနှင့်မျက်နှာသစ်လိုက်ပါ။ ပြီးနောက်တွင်တော့ သင်လုပ်နေကျအတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်၍ အိပ်ရာဝင်နိုင်ပါပြီ။

အကြံပြုစာများပေးပို့လိုပါက

magickmyanmar@gmail.com

သို့ပေးပို့နိုင်ကြပါကြောင်း